ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊ (30-10-2011) (၆၉၂)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. R.M. Marty M. Natalegawa ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## အစဉ်အလာကောင်းမွန်သော နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲစေရန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

နေပြည်တော်  အောက်တိုဘာ  ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. R.M. Marty M. Natalegawa ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် အစဉ်အလာကောင်းမွန်သော နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲစေရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရေး၊ (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နှစ်ဖက်ကြိုးပမ်းအားထုတ်ရေးနှင့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွ န် း

### 3D Air Traffic Control Simulator ရာနှုန်းဝက်ပြီးစီးပြီ

“ရာနှုန်းပြည့် ပြီးစီးပါက လေကြောင်းကဏ္ဍဖွံ့ဖြိုးရေး ကျွမ်းကျင်ပြီး အရည်အသွေးပြည့်ဝသော ပညာရှင်များ မွေးထုတ်သွားမည်”

ပြည်တွင်းသတင်း စာမျက်နှာ - ၈၉

### သရေခေတ္တရာမြို့ဟောင်းတွင် ပျူလူမျိုးတို့၏ ရှေးဟောင်း အဆောက်အအုံတစ်ခု တွေ့ရှိ

“သုတေသီများနှင့် ပြည်တွင်းပြည်ပခရီးသွားများ၊ အများပြည်သူများ လွယ်လင့်တကူလေ့လာနိုင်မည့် Site Museum အဖြစ် ပြသသွားရန် စီစဉ်လျက်ရှိ”

ပြည်တွင်းသတင်း စာမျက်နှာ - ၄

### မန္တလေးရွှေချိုတော် သစ်သီးတန်း နှစ်(၁၀၀)ပြည့် ကထိန် ကျင်းပမည်

“၁၁ ရက်တိုင်တိုင် အိမ်တော်ရာစေတီ ပရိဝုဏ်အတွင်း၌ ဆွမ်းဆက်ကပ်ခြင်း၊ ဧည့်ခံဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်း စသည်တို့ဖြင့် အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပမည်”

ပြည်တွင်းသတင်း စာမျက်နှာ - ၄

၃၀-၁၀-၂၀၁၁ (တနင်္ဂနွေနေ့)

# ကျောင်းနှင့်ဝန်းကျင် ခြင်၊ ယင်ကင်းစင် ကျန်းမာပျော်ရွှင်

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေးကို အဓိကအလေးထားကြရမည်။ ပူနွေးစွတ်စိုနေချိန်၊ ရာသီကူးပြောင်းချိန်များ၌ ခြင်၊ ယင်ပေါက်ပွားမှု များလာတတ်သည်။ မိုးရာသီကုန်ဆုံးသည့်တိုင် ကုန်းတွင်းမုန်တိုင်းအချို့နှင့် အရှေ့ဘက်ရပ်ဝန်း လေပြင်းတိုက်ခတ်မှုများကြောင့် မိုးရွာသွန်းမှုများ ရပ်တန့်သွားခြင်းမရှိသေး။

ယင်းသို့သော အခြေအနေတွင် ပြည်သူအများ ကျန်းမာရေးဂရုပြုကြရပေမည်။ အထူးသဖြင့် ကျောင်းနေစအရွယ်ကလေးသူငယ်များ ခြင်ကြောင့် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရေး သတိပြုစောင့်ရှောက်ကြရမည်။ နှာစေးချောင်းဆိုး အအေးမိရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ကြရန် လိုအပ်သည်။

ပညာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၉ ရက်နေ့ကို ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့သတ်မှတ်ပြီး အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြရန် နှိုးဆော်ထားသည်။ အခြေခံပညာကျောင်း အတော်များများ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်ကြသည်။ သောက်သုံးရေကန်များ၌ ပိုးလောက်လမ်းကင်းစင်ကြ၊ ပိုးသတ်ဆေးခတ်ကြ၊ အမှိုက်သရိုက် ရှင်းလင်းသန့်ရှင်းကြသည်။ သက်ဆိုင်ရာတာဝန်ရှိသူများလည်း လာရောက်စစ်ဆေးကြည့်ရှုကြသည်။

ကျောင်းနှင့်ဝန်းကျင် သပ်ရပ်သန့်ရှင်းနေခြင်းသည် စာသင်သားကလေးသူငယ်များ ကျန်းမာရေးအတွက် ကောင်းသောလုပ်ဆောင်မှု ဖြစ်သည်။ သို့သော် တစ်နေ့တည်း တစ်လတည်း လုပ်ဆောင်ကြရုံဖြင့် ပြီးပြည့်စုံမှုမရှိဘဲ အစဉ်အမြဲ သန့်ရှင်းနေရန်လိုအပ်သည်။ အထူးသဖြင့် အသက်ငါးနှစ်မှ ၁၀နှစ် ဝန်းကျင်အရွယ် ကလေးများတွင် သွေးလွန်တုပ်ကွေး အဖြစ်များတတ်သဖြင့် စာသင်ဆောင်တိုင်း ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ရေအိမ်များ သန့်ရှင်းပေးခြင်းတို့ကို ထိထိရောက်ရောက် လုပ်ဆောင်ကြရပေမည်။

အခြေခံပညာကျောင်းများ၌ တာဝန်ရှိသူတို့က မိမိကျောင်းများပတ်ဝန်းကျင် အခြေပြုသန့်ရှင်းမှုလုပ်ငန်းများကို ဟန်ပြထက် စံပြဖြစ်အောင် လုပ်ဆောင်ကြရပေမည်။ စာသင်ခန်းပတ်ဝန်းကျင် မြက်နုတ်ခြင်း၊ ထုံးဖြူးခြင်း သာမက ကန့်လန့်ကာများ ဆေးရည်စိမ်ပေးခြင်း၊ စာသင်ခန်းပြတင်းများ၊ ပရိဘောဂများ ကျိုးပဲ့ပေါက်ပြဲနေခြင်းများအား ပြုပြင်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲရေး၊ ကလေးသူငယ်တိုင်း အစာသန့်၊ ရေသန့်၊ လက် သန့်ရှင်းမှု အသိပညာပေးရေးတို့ကို စိတ်ရောကိုယ်ပါ ဆောင်ရွက်သင့်ပေသည်။

အခြေခံပညာကျောင်းတိုင်း၌ မိဘဆရာအသင်းများရှိသည်။ ထိုက်သင့်သည့် ရန်ပုံငွေရှိကြသည်။ စေတနာရှင် အလှူရှင်များလည်း ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ဆောင်နေချိန်တွင် ကျောင်းအုပ်ကြီးများ၊ မိဘပြည်သူများကလည်း ရပ်ရွာဝန်းကျင်၊ ကျောင်းနှင့်ဝန်းကျင် ရာသီမရွေး ခြင်၊ ယင် ကင်းစင်ပြီး ကလေးသူငယ်တိုင်း ကျန်းမာပျော်ရွှင် စာပေသင်ကြားနိုင်ရေး စဉ်ဆက်မပြတ် ပြုလုပ်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ॥



## ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Paolo Andrea Bartorelli သည် အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး ပြည်ထောင်စုရှေ့နေချုပ်၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ပုဂံမြို့၌ကျင်းပမည့် အစည်းအဝေးများ၊ ဆွေးနွေးပွဲနှင့် ခရီးသွားပြပွဲကျင်းပရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂၉**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် နိုဝင်ဘာ ၂၆ရက်မှ ၂၉ရက်အထိ ကျင်းပမည့် (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် ခရီးသွားပြပွဲ ကျင်းပရေးဆိုင်ရာ ကိစ္စများအတွက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည့် အစည်းအဝေးများ၊ ဓာတ်ပုံပြပွဲ၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပုဂံညစျေးပွဲတော် ကျင်းပရေး၊ မဟာမဲခေါင်ဒေသခွဲ (CLMTV) အဖွဲ့ဝင် ငါးနိုင်ငံနှင့် တရုတ်နိုင်ငံ(ယူနန်)မှ ယဉ်ကျေးမှုအနုပညာအဖွဲ့များက ယဉ်ကျေးမှုအဆိုအကများဖြင့် တင်ဆက်ဖျော်ဖြေနိုင်ရေး စသည့်ကိစ္စများအတွက် အသိပေးရှင်းလင်းခြင်းဖြစ်ကြောင်း၊ ဆပ်ကော်မတီအလိုက် ပါဝင်ဖွဲ့စည်းထားသည့် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင် အားလုံးပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**(၂၈) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် ခရီးသွားပြပွဲ ကျင်းပရေးဆိုင်ရာ ကိစ္စများအတွက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။** (သတင်းစဉ်)



## မန္တလေးကုန်စည်ဈေးနှုန်း

(၂၉-၁၀-၂၀၁၁)

### ရွှေဈေး

| | |
|---|---|
| အခေါက်ရွှေ (အဆင့်-၁) | ၇၂၃၀၀၀ |
| အခေါက်ရွှေ (အဆင့်-၂) | ၇၂၂၀၀၀ |
| ရွှေဒင်္ဂါး (ရွှေရည်မီ) | ၆၅၂၀၀၀ |

### ဆန်ဈေး

| | |
|---|---|
| ရောမင်း | ၂၅၀၀၀/၂၆၀၀၀ |
| B.G | ၁၂၀၀၀/၁၂၅၀၀ |
| ငစိန် | ၁၃၅၀၀/၁၄၀၀၀ |
| ၇၄၇ | ၁၂၀၀၀/၁၂၅၀၀ |
| သုခ-မတ္တရာ | ၁၂၅၀၀/၁၃၀၀၀ |
| ရွှေသွယ် | ၁၂၅၀၀/၁၂၀၀၀ |
| မှော်ဘီ | ၁၇၀၀၀/၁၈၀၀၀ |
| ကောလင်းညှင်း(ရန်ကုန်) | ၃၀၀၀၀ |
| ကောက်ညှင်း (ပုသိမ်) | ၄၂၀၀၀ |
| ဆန်ကွဲ | ၈၀၀၀ |

### ဆီဈေး

| | |
|---|---|
| ပဲဆီ | ၂၉၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၄၀၀/၂၄၅၀ |
| ပန်းနှမ်းဆီ | ၂၈၀၀/၂၈၅၀ |
| နေကြာဆီ | ၂၈၀၀/၃၀၀၀ |
| မုန်ညင်းဆီ | ၂၈၀၀/၂၈၀၀ |
| စားအုန်းဆီ | ၁၈၀၀/၁၈၂၀ |

(ဝဝ၂)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၀-၁၀-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၀။ မြန်မာ့ရှုခင်း

**နေ့လယ်ပိုင်း**

၁၁:၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၁၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၁:၂၅ ၅။ **ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၂၆)**
၁၁:၅၅ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -သတိရနေမယ့်ချစ်သူ**
၁၂:၄၅ ၇။ ကျန်းမာသုတ
၁:၀၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၁:၁၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၂၉)**

**ညပိုင်း**

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၃ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ လျှပ်တစ်ပြက်
၄:၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၅၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၀၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၉။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၂။ ဘဝကြေးမုံ **-သား (စွမ်းရည်၊ သိဂီဳထွန်း၊ စံရှားတင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]**
၆:၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၁၆)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၀။ ပဟေဠိနန်းတော်
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၄)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၉၁)**

## ရောဝတီတိုင်းဒေသကြီး အမျိုးသား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၁ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို အောက်တိုဘာ ၂၈ ရက်တွင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ပုသိမ်ဇုန်(၁)အသင်းက မအူပင်ဇုန်(၂)အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပုသိမ်ဇုန်(၂)အသင်းနှင့် ဖျာပုံဇုန်(၂)အသင်းတို့ သုံးဂိုးစီဖြင့် သရေကျကာ မအူပင်ဇုန်(၁)အသင်းက ဟင်္သာတဇုန်(၁)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။အကြိုဗိုလ်လုပွဲများကို အောက်တိုဘာ ၃၀ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၉-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၅၇၀၀ | ၀. ၀၃၂၇၃ |
| တရုတ် (ယွမ်) | ၆. ၃၅၈၀၀ | ၀. ၁၅၇၂၈ |
| အိန္ဒိယ (ရူပီး) | ၄၈. ၆၁၀၀ | ၀. ၀၂၀၅၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၆၄၅၀ | ၀. ၃၂၆၃၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၁၉၀ | ၀. ၈၀၅၂၂ |
| ဂျပန် (ယန်း) | ၇၅. ၇၉၀၀ | ၀. ၀၁၃၁၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၀၂. ၅၉ | ၀. ၀၀၀၉၁ |
| ယူရို | ၀. ၇၀၆၉၁ | ၁. ၄၁၄၆၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၀၃၅ | ၁. ၆၁၂၀၀ |

*အင်တာနက်။*

## မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ပဲခူးခရိုင် ဒိုက်ဦးမြို့၌ ကျင်းပ

**ဒိုက်ဦး အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်ရဲတပ်ဖွဲ့ ဒိုက်ဦးရဲတပ်ဖွဲ့စခန်းနယ်မြေ မှုခင်းကင်းမဲ့ရက်သတ္တပတ် CRIME FREE WEEK မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက်က ဒိုက်ဦးမြို့ ကောလိယခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုရဲမှူးတင်အုန်း**(ယာပုံ)**က မှုခင်းကျဆင်းရေး ပညာပေးဆိုင်ရာများကို လည်းကောင်း၊ ဒုရဲမှူးဝင်းညွန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆိုင်ရာများကို လည်းကောင်း၊ ဒုရဲမှူး ရဲဝင်းအောင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဆိုင်ရာများကို လည်းကောင်း၊ ရဲအုပ်ကျော်ဆွေဦးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးဆိုင်ရာများကို လည်းကောင်း၊ ရဲအုပ်ဝင်းဆန်းက နယ်မြေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဆိုင်ရာများကို လည်းကောင်း ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းဟောပြောကြကာ လူကုန်ကူးမှု အသိပညာပေးဗီနိုင်းများလွှဲပြောင်း ပေးအပ်၍ ပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ (၅၆၈)



# ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်အား

## အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား အင်ဒိုနီးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. R.M. Marty M. Natalegawa လာရောက် တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၉

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. R.M. Marty M. Natalegawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**



**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယနာယက ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုရှင်သန်ဖြစ်ထွန်းစေရေးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

# ဆီကုန်သည်များက ဈေးနှုန်းတည်ငြိမ်ရေးအတွက် ညီညွတ်စွာဖြင့် ဆက်လက်ကြိုးပမ်း

## ရွှေဈေးနှုန်းကို တည်ငြိမ်အောင်ထိန်းသိမ်းပြီး အခက်အခဲများ ဖြေရှင်းပေးနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၉

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် စားသုံးကုန်ဈေးနှုန်းတည်ငြိမ်ရေး၌ အရေးပါသည့် စားအုန်းဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအတွက် ပုဂ္ဂလိကကုမ္ပဏီ ၁၆ ခုကို စတင် တင်သွင်းခွင့်ပြုခဲ့ကြောင်း၊ ယခုအခါ ပို့ကုန်ဝင်ငွေ (Earning)ရှိပါက မည်သူမဆို တင်သွင်းခွင့်ပြုကြောင်း၊ စားသုံးသူ ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးအတွက် အခွန်လွတ်ဈေးများတွင် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း၊ လက်ရှိတွင် စားအုန်းဆီများ သင့်တင့်သည့် ဈေးဖြင့် ဝယ်ယူစားသုံးနိုင်ပြီဖြစ်ကြောင်း၊ ဆီကုန်သည်များက ဈေးနှုန်းတည်ငြိမ်ရေးအတွက် ညီညွတ်စွာဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။**





**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ နဝမအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြည်တွင်း လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အတွက် ဆီအုန်းများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ရန်လိုကြောင်း၊ ဆီဈေးနှုန်း ချိုသာပြီး အရည်အသွေးပြည့်မီရေး စီမံဆောင်ရွက်ရန် လိုကြောင်းဖြင့် ပြောကြားသည်။

**ဆောင်ရွက်ရန်လို**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မွန်းလွဲပိုင်းတွင် ပန်ဒါဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်း၏ နဝမအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်၍ ရွှေဈေးနှုန်းကို တည်ငြိမ်အောင်ထိန်းသိမ်းပြီး အသင်းဝင်များ၏ အရောင်းအဝယ်လုပ်ငန်းများမှ ပေါ်ပေါက်လာသည့် အခက်အခဲ အမျိုးမျိုး ကြပ်မတ်ထိန်းသိမ်း ဖြေရှင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းအနေဖြင့် ပြည်တွင်းပြည်ပမှ အတတ်ပညာရှင်၊ အသိပညာရှင်များ ဖိတ်ခေါ်ပြီး ခေတ်မီနည်းပညာများ ရယူ၍ ဆင့်ပွားဖြန့်ဝေခြင်း၊ ရွှေစီးဆင်းမှု မှန်ကန်စေရေး၊ ဈေးနှုန်း တည်ငြိမ်စေရေး တို့အတွက် ကြိုးပမ်းအကောင် အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ အမှတ်(၂၃) အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် ဖဲကြိုးဖြတ်ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပညာရေးဝန်ကြီးဌာန ခွင့်ပြုငွေ ကျပ် ၄၃၂ သိန်းဖြင့် သာလွန်ကျော်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် စစ်တွေမြို့ရှိ အမှတ်(၂၃)အခြေခံပညာမူလတန်းကျောင်း၌ အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပသော အလျားပေ ၆၀၊ အနံပေ ၃၀ ၊ အမြင့် ၂၆ ပေ ၆ လက်မ၊ သွပ်မိုး၊ အုတ်ကာ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို တာဝန်ယူဆောက်လုပ်ခဲ့သည့် သာလွန်ကျော်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးလှစိုးမောင်က ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ပညာရည်စွမ်းဆောင်ဆု ဂုဏ်ပြုမှတ်တမ်းကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အောင်ကျော်မင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီး တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# KA ရေသန့်စက်ရုံသစ် ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

KA ရေသန့်စက်ရုံသစ် ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် (၂)လမ်း အမှတ် (၃၂/ခ)၌ ကျင်းပရာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးမျိုးအောင်နှင့် Kinetic Arts Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးပြည့်ဖြိုးလွင် တို့က ရေသန့်စက်ရုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး**(ဝဲပုံ)** နေပြည်တော် ကောင်စီဝင် ဦးကံချွန်က ရေသန့် စက်ရုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ရေသန့်စက်ရုံသစ်သည် R.O, Ozone and UV စနစ်သုံး စက်သစ်ကြီးများဖြင့် ကျန်းမာသန့်ရှင်းပြီး အရည်အသွေးပြည့်မီ ကောင်းမွန်သည့် သောက်ရေသန့်များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရ သည်။

(သတင်းစဉ်)

# ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး စည်ပင်သာယာရေးလုပ်ငန်းများ မှာကြား

**နေပြည်တော် အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအလေးပါးသည် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြစ်ကြီးနားမြို့ ပြည်နယ် စည်ပင် သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်/မြို့နယ် စည်ပင်သာယာရေး အဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကျေးလက်မြို့ပြ လမ်း၊ တံတား၊ ရေပေးရေး လုပ်ငန်းများနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ ဈေး မီးဘေးလုံခြုံရေးလုပ်ငန်း များ စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက ပြည်နယ်နှင့် မြို့နယ်များ၌ စည်ပင် သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြတ်ဆရာပူဇော်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

အမက (၁၇) ဗဟန်း၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား အမက(၁၇)ဗဟန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေးမာလွင်က ပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။ ယင်းနောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ **(ယာပုံ)**

ဆက်လက်၍ ကန်တော့ခံ ဆရာ၊ ဆရာမများက သြဝါဒစကားပြောကြားကြသည်။

(ကြေးမုံ)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား

## အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. R. M. Marty M. Natalegawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာ-အင်ဒိုနီးရှား လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ ဒေသတွင်းအာဆီယံအသိုက်အဝန်းအတွင်း အဖွဲ့ဝင်မြန်မာနိုင်ငံက ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အင်ဒိုနီးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး H.E. Dr. R.M. Marty M. Natalegawa လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## မိုးနှမ်းများ အထွက်ကောင်းပြီးဈေးမြင့် နှမ်းဖြူများ ပြည်ပသို့တင်ပို့

ရန်ကုန် အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်၊ မြစ်သားမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသည် မိုးဦးကျကာလ ဇွန်လအတွင်းက မိုးနှမ်းများ စတင်စိုက်ပျိုးခဲ့ကြပြီး စက်တင်ဘာလအတွင်း ရိတ်သိမ်းခဲ့ကြသည်။ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးများအတွင်း တောင်သူများက နှမ်းနီ၊ နှမ်းနက်မျိုးများ အဓိကစိုက်ပျိုးခဲ့ပြီး နှမ်းဖြူမျိုးအား အနည်းငယ်စိုက်ပျိုးခဲ့သည်။ အောက်တိုဘာ ပထမပတ်အတွင်း မန္တလေးကုန်စည်ဈေးကွက်တွင် မိုးနှမ်း နှမ်းနက်တစ်တင်း ငွေကျပ် ၂၅၀၀၀၊ နှမ်းနီတစ်တင်း ငွေကျပ် ၂၂၀၀၀၊ နှမ်းဖြူတစ်တင်း ငွေကျပ် ၂၃၀၀၀ ဈေးရှိသည်။ နှမ်းနီသည် ဆီထွက်နှုန်းကောင်းသဖြင့် ဆီစက်လုပ်ငန်းရှင်များက ဝယ်ယူသိုလှောင်လျက်ရှိပြီး နှမ်းဖြူများကို မန္တလေးဈေးကွက်မှတစ်ဆင့် သန့်စင်ကာ မူဆယ်သို့တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ရောင်းချလျက်ရှိကြောင်းသိရသည်။ (၆၅၃)

## ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် သရေခေတ္တရာမြို့ဟောင်းတွင် ပျူလူမျိုးတို့၏ ထုံးဓလေ့ဆိုင်ရာ ရှေးဟောင်းအဆောက်အအုံတစ်ခု တွေ့ရှိ

နေပြည်တော် အောက်တိုဘာ ၂၉

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် သရေခေတ္တရာမြို့ဟောင်း၊ဘောဘောကြီးဘုရားနှင့် မြင်ဗာဟုဘုရား ဆက်သွယ်သော ကားလမ်းအနီးရှိ ကုန်းအမှတ် HMA(၅၃)ကို စက်တင်ဘာလအတွင်း တူးဖော်သုတေသနပြုခဲ့ရာ အလျား ၂၂ မီတာ၊ အနံ ၁၂ မီတာနှင့် အမြင့် ၁ ဒသမ ၅ မီတာရှိ အုတ်ဖြင့်တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုကို တွေ့ရှိခဲ့သည်။

ၚင်းအဆောက်အအုံတွင် ပုံသဏ္ဌာန်နှင့် အရွယ်အစားမျိုးစုံ အရိုးအိုး ၂၈၈ လုံးကို တစုတဝေးတည်း အလွှာလိုက် စုပေါင်းမြှုပ်နှံထားသဖြင့် သရေခေတ္တရာပျူလူမျိုးတို့၏ သင်္ဂြိုဟ်မြှုပ်နှံမှု ထုံးဓလေ့ဆိုင်ရာ အဆောက်အအုံ (Burial Site) အဖြစ်လည်းကောင်း၊ ဗုဒ္ဓသင်းကျစ်ဆံတော်ခွေပုံ မြေမီးဖုတ်လက်ရာများ၊ အုတ်ခွက်ဆင်းတုတော်များကိုပါ တူးဖော်တွေ့ရှိရသဖြင့် ဗုဒ္ဓဘာသာဝင် ပျူလူမျိုးအများစု၏ သင်္ချိုင်းရာအဖြစ်လည်းကောင်း လေ့လာနိုင်သော ထူးခြားသည့် တွေ့ရှိချက်ဖြစ်သည်။

ထို့အပြင် တူးဖော်မှုလုပ်ငန်းနေရာမှ ကြာပန်းပုံ၊ စက်ဝိုင်းပုံ၊ လှည်းဘီးပုံနှင့် ဟသ်ာပုံ ဒီဇိုင်းလက်ရာများပါဝင်သည့် အရိုးအိုးဒီဇိုင်း (၉)မျိုး၊ တကောင်းမြို့ဟောင်းတူးဖော်မှုမှ အိုးများနှင့် သဏ္ဌာန်တူ မြေသရွတ်ခံအိုးများ၊ အဖုံးသဏ္ဌာန်အမျိုးမျိုး၊ သံတူရွင်း၊ သံဓား၊ သံမြား၊ သံမှိုပွင့်၊ ရိုက်သံမျိုးစုံနှင့် သံချောင်းစုစုပေါင်း (၈၆၈)ခု၊ အချင်း(၀. ၇)စင်တီမီတာရှိသည့် ကြေးခြူလုံးငယ်များနှင့် တွဲဖက်တန်ဆာဆင်ထားသော ကြေးကွင်းငယ် (၂)ခုနှင့် ခြူလုံးမပါကြေးကွင်းငယ်(၁၇)ခုတို့ကို တွေ့ရှိခဲ့သည်။



သရေခေတ္တရာမြို့ဟောင်း ကုန်းအမှတ် HMA (၅၃) မှ တူးဖော်တွေ့ရှိရသော အရိုးအိုးများ။ (သတင်းစဉ်)

သရေခေတ္တရာဒေသတွင် ၁၉၆၇-၆၈ ခုနှစ်ခန့်က တူးဖော်ခဲ့သော ကုန်းအမှတ် HMA(၁၀)နှင့် (၁၁)တို့သည်လည်း Burial Site များဖြစ်ကြပြီး ယင်းနေရာများအား စနစ်တကျ ထိန်းသိမ်းနိုင်မှုမရှိခဲ့သဖြင့် ယခုအခါ မျက်မြင်လေ့လာနိုင်ခြင်း မရှိတော့သော်လည်း ယခုတူးဖော်တွေ့ရှိခဲ့သည့် ကုန်းအမှတ် HMA(၅၃) အား အမိုးအကာများဖြင့် ဆောက်လုပ်ထိန်းသိမ်းကာကွယ်၍ သုတေသီများနှင့် ပြည်တွင်းပြည်ပခရီးသွားများ၊ အများပြည်သူများ လွယ်လင့်တကူ လေ့လာနိုင်မည့် Site Museum အဖြစ် ပြသသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မန္တလေးမြို့ ဈေးချိုတော် သစ်သီးတန်း နှစ် ၁၀၀ ပြည့် ကထိန်တော်ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၉

မန္တလေးမြို့ဈေးချိုတော် သစ်သီးတန်း မဟာဘုံကထိန်အား ဈေးသူဈေးသားများ စုပေါင်းကောင်းမှုဖြင့် လှူဒါန်းခဲ့ရာ ယခုနှစ်တွင် နှစ် ၁၀၀ သို့တိုင်ပြီဖြစ်သည်။ သစ်သီးတန်း၊ ပန်းတန်း၊ ဈေးရုံးအောက်ထပ် ဈေးသူ၊ ဈေးသားများ၏ ရာပြည့်မဟာဘုံကထိန်တော်အား စစ်ကိုင်းတောင်ရိုး တစ်ပြားချောင်(ခ) ဈေးချိုချောင်နှင့် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တို့တွင် ခင်းကျင်းလှူဒါန်းကြမည်ဖြစ်သည်။ မဟာဘုံကထိန်တော်ကြီးအား ဘာသာရေးအနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပမည်ဖြစ်ပြီး ဓမ္မသဘင်များကို နိုဝင်ဘာ ၁၂ ရက်မှ ၂၂ ရက်ထိ ၁၁ ရက်တိုင်တိုင် အိမ်တော်ရာစေတီတော်ပရဝဏ်အတွင်းရှိ ၁၄ ခန်း ဓမ္မဗိမာန်တွင် ဆင်ယင်ကျင်းပခြင်း၊ နိုဝင်ဘာ ၂၃ ရက်တွင် သက်ကြီးဘိုးဘွားများအား ဂါရဝပြုခြင်း၊ မြို့မတူရိယာအသင်း၊ အငြိမ့်ခန်းများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သံဃာအပါး ၃၇၀ ကျော်တို့အား ဆွမ်းဆက်ကပ်ပြီး လှူဖွယ်များကပ်လှူခြင်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။ သစ်သီးတန်း ကထိန်အား ၁၂၇၃ ခုနှစ်က စစ်ကိုင်းတောင်ရိုး ဈေးချိုချောင်တွင် စတင်ခင်းကျင်းခဲ့ခြင်းဖြစ်ပြီး ဈေးသူ၊ ဈေးသားများက ငွေတစ်ပြားချင်း စုဆောင်းကာ လှူဒါန်းခဲ့ခြင်းကြောင့် တစ်ပြားချောင်ဟု အမည်တွင်ခဲ့သည်။ နှစ်ပေါင်း ၁၀၀ အတွင်း အဆိုပါတစ်ပြားချောင်တွင် ကထိန်ခင်းကျင်းလှူဒါန်းမှု များပြုခဲ့ရာ စေတီတော်တည်ခြင်းနှင့်အတူ နှစ်ထပ်တိုက်ကျောင်း၊ ဆွမ်းစားကျောင်း၊ ဆွမ်းချက်ဆောင်၊ ရေကန်ကြီး၊ ကျောက်တိုက်မုခ်ဦး၊ လှေကားရှည်၊ ကွန်ကရစ်လမ်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဘဦး)

## တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိဇ္ဇာစရဏသမ္ဘန္နော ဓမ္မာရုံ၌ နံနက် ၈ နာရီမှ ၁၂ နာရီအထိ ကျင်းပရာ အခမ်းအနားတွင် အသင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း)က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများကို အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်း အမှူးပြုသော နာယကများ၊ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း)၊ ဒုတိယ ဥက္ကဋ္ဌဦးကျော်စိုး၊ အတွင်းရေးမှူး ဒေါက်တာဘိုကြည်၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင်တို့ ဦးဆောင်သော အမှုဆောင်များနှင့် အလှူရှင်များက လှူဒါန်းကြကာ ပရိသတ်များအား အကျွေးအမွေးဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

### နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

## ဒေးဗစ်ဘက်ခမ်းကိုအားကျသည့် ဂျက်စတင်ဘီဘာ

ကမ္ဘာကျော်ငွေကြယ်ပွင့် ဆယ်ကျော်သက်ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာ **(ယာပုံ)** က ၎င်း၏အသည်းစွဲ ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းကဲ့သို့ ဆံပင်ပုံစံကို ပြောင်းလဲလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

ကနေဒါပေါ့ပ်စတားဂျေဘီက ဆံပင်ပုံစံတစ်မျိုးတည်းကို ကြာရှည်မထားဘဲ ပုံစံအမျိုးမျိုးကို ခဏခဏပြောင်းလဲတတ်သည့် အင်္ဂလန်ဘောလုံး အကျော်အမော် ဒေးဗစ်ဘက်ခမ်း၏ ဓလေ့စရိုက်အတိုင်း ၎င်း၏ စုတ်ဖွားဖွားဆံပင်ရှည်များကို ယခုနှစ်အစောပိုင်းတွင် အတိုပုံစံဖြတ်ပစ်ခဲ့သည်။

ဂျေဘီက "ကျွန်တော် ဘက်ခမ်းလိုဖြစ်အောင် ကြိုးစားနေပါတယ်။ ဘက်ခမ်းဟာ သူ့ရဲ့ဆံပင်ပုံစံကို အမြဲတမ်းပြောင်းလဲဆန်းသစ်အောင် ပြုမူနေထိုင်ခဲ့ပါတယ်" ဟု ဆိုသည်။

ဂျေဘီနှင့် ၎င်း၏ချစ်သူဆီလီနာဂိုမက်ဇ်တို့သည် မကြာသေးမီက ဘက်ခမ်းနှင့် ဇနီးဗစ်တိုးရီးယားဘက်ခမ်း၊ ၎င်းတို့၏ သားများဖြစ်သည့် ဘရွတ်ကလင်း၊ ရိုမီယို၊ ခရုဇ်နှင့် သုံးလသမီးအရွယ် ဟာပါမိသားစုက နေ့လယ်စာစားရန် ဖိတ်ကြားခံခဲ့ရသည်။

ဂျေဘီက "ကျွန်တော် ဘက်ခမ်းနဲ့ တစ်ကြိမ်မက တွေ့ဆုံခဲ့ဖူးပေမယ့် ဗစ်တိုးရီးယားနဲ့ သိပ်မတွေ့ရပါဘူး။ သူတို့မိသားစုက တကယ့်ကို တည်ငြိမ်အေးချမ်းတဲ့မိသားစုပါပဲ။ ကျွန်တော်သူတို့မိသားစုနဲ့အတူ အချိန်တွေကုန်လွန်စေချင်ပါတယ်" ဟု ပြောကြားသည်။

***အင်တာနက်။***

ဧအောဝမ်းစိုး



**❍ ကျောဖုံးမှ**

အရှေ့ဘက်မုခ်သို့ပင့်ဆောင်ခြင်း၊ နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပြောင်းရွှေ့ခြင်း၊ နတ်မင်းကြီး (၈)ပါးတို့က ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ ဥပ္ပါတသန္တိ တော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့တွင် အပူဇော်ခံထားရှိခြင်း အစီအစဉ်များ အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး ဥပ္ပါတသန္တိစေတီတော်မှ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၃၀-၁၀-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အင်္ဂုလိမာလ်သုတ် (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅ ၈။ အဆိုပြိုင်ပွဲ
၈း၂၅ ၉။ "သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၁၉)**
၁၂း၃၀ ၅။ ရုပ်မြင်ရသတေးစုကဏ္ဍ
၁၂း၅၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ပိန်းကြာရွက်တွင် ရေမတင်" (နေမျိုးအောင်၊ ထက်ထက်မိုးဦး၊ မေသဥ္ဇာဦး) (ဒါရိုက်တာ-မောင်သီ)**
၂း၃၀ ၇။ အတီးပြိုင်ပွဲ
၂း၅၀ ၈။ International News
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ တေးဂီတအစီအစဉ်
၅း၀၀ ၇။ "တို့အိပ်မက်"(အပိုင်း-၁)
၅း၁၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၁၆)**
၆း၄၀ ၁၂။ တစ်မျက်နှာ တစ်ကွက်စာ "စိတ်ပျိုကိုယ်မနု" (ဇေယျာအောင်၊ ချစ်စနိုးဦး၊ မိုသီရိခေတ်၊ မေ့ချစ်သက်) [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၂၈)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၆၁)**
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသော ရုပ်သံလွှင့်မှူး" (အပိုင်း-၂၁)**
၁၉။ အစီအစဉ်ပြီး၏။

# လူတစ်ဦးသည် သက်တမ်းတစ်လျှောက်၌ တစ်ချိန်ချိန်တွင် လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေရှိ ပြည်သူတစ်ရပ်လုံးက ကာကွယ်ကုသရေးလုပ်ငန်းများ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၉**

အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်း (INGO) တစ်ခုဖြစ်သည့် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့ (The World Stroke Organization) (WSO) ကို ၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွဲ့စည်းခဲ့ကြောင်း။

ယင်း WSO ၏ ထုတ်ပြန်ချက်များအရ ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူဦးရေ ၁၅ သန်းခန့်မှာ လေဖြတ်ရောဂါခံစားရပြီး ယင်းတို့အနက်မှ လူဦးရေခြောက်သန်းခန့်မှာ အသက်ဆုံးရှုံးလျက်ရှိနေကြောင်း၊ လူခြောက်ဦးလျှင် တစ်ဦးသည် ယင်း၏ ဘဝသက်တမ်းတစ်လျှောက်၌ တစ်ချိန်ချိန်တွင် လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေရှိပြီး အချိန် ခြောက်စက္ကန့်တိုင်းတွင် ကမ္ဘာပေါ်၌လေဖြတ်ရောဂါကြောင့် သေဆုံးရသူတစ်ဦး ရှိနေပါကြောင်း။

လေဖြတ်ရောဂါဆိုသည်မှာ ဦးနှောက်သို့ သွေးသွားလာစီးဆင်းမှု ရပ်ဆိုင်းသွားခြင်း (သို့မဟုတ်) လျော့နည်းသွားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသောရလဒ်ဖြစ်ကြောင်း၊ လူ့ခန္ဓာကိုယ်၏ အရေးအကြီးဆုံးအင်္ဂါ အစိတ်အပိုင်းဖြစ်သည့် ဦးနှောက်သည် ၎င်း၏လုပ်ငန်းများပုံမှန်ဆောင်ရွက်နိုင်ရန် လုံလောက်သော သွေးပမာဏကို မရရှိပါက အဆိုပါဦးနှောက်အစိတ်အပိုင်းနှင့်သက်ဆိုင်သော ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း၏ လုပ်ငန်းများ ရပ်ဆိုင်းသွားပြီး လေဖြတ်ရောဂါလက္ခဏာများ ပေါ်လာခြင်းဖြစ်ကြောင်း ဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည်။

ထို့ပြင် လေဖြတ်ရောဂါအမျိုးအစားကြီးနှစ်မျိုးရှိပြီး ဦးနှောက်သွေးကြော ပိတ်၍လေဖြတ်ခြင်းနှင့် ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းတို့ဖြစ်ပါကြောင်း။

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့အနေဖြင့် လေဖြတ်ရောဂါကို ပြည်သူများ သတိပြုလာစေရန်အတွက်လည်းကောင်း၊ ကာကွယ်နိုင်စေရန်အတွက်လည်းကောင်း၊ အချိန်မီထိရောက်သည့် ကုသမှုခံယူနိုင်စေရန်အတွက်လည်းကောင်း ရည်ရွယ်ပြီး အောက်တိုဘာ ၂၉ ရက်ကို "ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့"အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့အဖွဲ့မှ ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သော ဆောင်ပုဒ်ကို ကျန်းမာရေးဝန်ကြီးဌာနက "လေဖြတ်ရောဂါသတိပြုလို့ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်စို့" ဟူ၍ ဆီလျော်အောင် ဘာသာပြန်ဆိုသတ်မှတ်ခဲ့ပါကြောင်း။

လေဖြတ်ရောဂါဖြစ်ပွားရန် အားပေးသော အမူအကျင့်များဖြစ်သည့် ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်းတို့ကို ရှောင်ကြဉ်သင့်ကြပါကြောင်း၊ လေဖြတ်ရောဂါကို ကြိုတင်ကာကွယ်ရန်အတွက် သွေးပေါင်မှန်မှန်ချိန်ခြင်း၊ အချို၊ အဆီ၊ အငန်ဓာတ်လွန်ကဲသော အစားအသောက်များကိုရှောင်ခြင်း၊ တစ်ရက်လျှင် နာရီဝက်၊ တစ်ပတ်လျှင်သုံးကြိမ်ခန့် လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း၊ ကိုယ်အလေးချိန် ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်သင့်ကြောင်းကို ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးအဖွဲ့နှင့် ဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာအဖွဲ့တို့အပြင် ပြည်သူလူထုတစ်ရပ်လုံးက တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှသာလျှင် ကပ်ရောဂါအသွင်ဖြင့် ဖြစ်ပွားလျက်ရှိသော လေဖြတ်ရောဂါကာကွယ်ကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်၍ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ ပညာပေး အချက်အလက်များနှင့် ပိုစတာများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့အထိမ်းအမှတ် ပညာပေး ဟောပြောပွဲကိုကျင်းပရာ လေဖြတ်ရောဂါကာကွယ်ခြင်း (Prevention of Stroke) ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာတင်ထားနွဲ့က လည်းကောင်း၊ လေဖြတ်ရောဂါ ကုသခြင်း (Treatment of Stroke) ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်က လည်းကောင်း၊ ဦးနှောက်သွေးကြောထုံးခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်း၏ ခွဲစိတ်ကုထုံးများ (Surgical Management of Intra Cranial Aneurysm and Hemorrhagic Stroke) ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာမြတ်သူက လည်းကောင်း ဟောပြောကြပြီး လေဖြတ်ရောဂါအကြောင်းသိကောင်းစရာ ပညာပေး ဗီဒီယိုပြသသည်။

ယင်းနောက် လေဖြတ်ရောဂါကာကွယ်ရေး ပညာပေးစာရွက်စာတမ်းနှင့် ပစ္စည်းဖြန့်ဝေခြင်း၊ အခမ်းအနား တက်ရောက်လာကြသူများအား လေဖြတ်ရောဂါ၏ Risk Factor များ ရှာဖွေဖော်ထုတ်ပေးခြင်းအနေဖြင့် သွေးပေါင်ချိန်ခြင်း၊ သွေး အမျိုးအစားစစ်ဆေးပေးခြင်း၊ သွေးဖောက်စစ်ဆေးပေးခြင်း (Urea, Creatinine, Cholestrol, Triglyceride, Uric acid) များကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ၂၀၁၁ ခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# နယ်စပ်ရေးရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း သင်တန်းများဆင်းပွဲတက်ရောက် ထူးချွန်ဆုများချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၄၅/၄၆)၊ အဆင့်မြင့်စက်ချုပ် နည်းပြ သင်တန်းအမှတ်စဉ်(၂၄)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၇၅/၇၆) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး **(အပေါ်ယာပုံ)** သင်တန်းအလိုက် ထူးချွန်ဆုများအား ချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းအိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာနှင့် ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော ရာသီသီးနှံ/နှစ်ရှည်သီးနှံ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။




စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၄၅)သို့ နေပြည်တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ သင်တန်းသား ၁၈ ဦး၊ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၄၆)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသား ၃၀၊ အဆင့်မြင့် စက်ချုပ်နည်းပြ သင်တန်းအမှတ်စဉ်(၂၄)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၂၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၇၆)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသား ၃၁ ဦး စုစုပေါင်း သင်တန်းသား ၁၂၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (နိုဝင်ဘာ/၂၀၁၁)ကို နိုဝင်ဘာ ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ပါမောက္ခ ဒေါက်တာဒေါ်လှမြင့်က " Resource Based-View (RBV); Competing on Resources" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

## မျက်စိဆရာဝန်ညီလာခံ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံဆရာဝန်အသင်း မျက်စိဆရာဝန်အဖွဲ့က ကြီးမှူးကျင်းပမည့် (၂၃)ကြိမ်မြောက် မျက်စိဆရာဝန်ညီလာခံကို နိုဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါညီလာခံသို့ တက်ရောက်လိုသူ မျက်စိဆရာဝန်များနှင့် စိတ်ပါဝင်စားသူ ဆရာဝန်များသည် နိုဝင်ဘာ ၁၁ ရက်မှစ၍ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီး၌ လာရောက်မှတ်ပုံတင်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ထူးဖောင်ဒေးရှင်းက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၉**

ထူးဖောင်ဒေးရှင်းသည် အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ ပေါက်၊ မြိုင်နှင့် ဆိပ်ဖြူ မြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးဝါး၊ ခေါက်ဆွဲခြောက် များနှင့် အလှူငွေကျပ်သိန်း ၂၇၀၊ ရေမျောပျက်စီးခဲ့သည့် နေအိမ်များ ပြန်လည်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၂၀၀၀ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၂၃၇၀ ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ အောက်တိုဘာ ၂၅ ရက်တွင် ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

(သတင်းစဉ်)



# လဲနေသူမကျန်ရ နိုးထရှင်သန်စေရမည်

## ကျော်ရဲမင်း

"မိုးနဲ့နွားသိုး အစိုးမရ"ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ ငယ်ငယ်တုန်းက မိုးလေးတစ်ဖြောက်နှစ်ဖြောက် ရွာပြီဆိုတိုင်း နေပူပူမှာ လှန်းထားတဲ့ တိုလီမုတ်စလေးတွေ အပြေးအလွှားသိမ်းဆည်းရင်း ဒီဆိုရိုးစကားကို အဘွားရွတ်လေ့ရှိတာ ပြန်သတိရမိပါတယ်။ မှန်ပါတယ်။ နွားသိုးကမှ ထိန်းနိုင်ရင်၊ ထိန်းတတ်ရင် အစိုးရကောင်း ရနိုင်ပါလိမ့်မယ်။ မိုးကတော့ ဘယ်လိုမှ အစိုးမရနိုင်တာ အမှန်ပါပဲ။ မိုးဆိုတာ လိုအပ်နေတဲ့အချိန်မှာ လိုအပ်သလောက်သာ ရွာမယ်ဆိုရင် မိတ်ဆွေဖြစ်သော်လည်း မလိုအပ်တဲ့အချိန်မှာ အတိုင်းအဆမဲ့ ပြင်းပြင်းထန်ထန် ရွာသွန်းမယ်ဆိုရင်တော့ ကြမ်းတမ်းရက်စက်တဲ့ သဘာဝဘေးအန္တရာယ်ဆိုးကြီး ဖြစ်သွားတော့တာပါပဲ။

**တကယ်တော့ သဘာဝဘေးအန္တရာယ်ဆိုတာ လွန်ဆန်လို့ ရှောင်လွှဲလို့ မရနိုင်တဲ့ သဘာဝဖြစ်စဉ်သာဖြစ်ပါတယ်။ ကမ္ဘာဦးအစကတည်းကစပြီး ဒေသတိုင်း၊ နိုင်ငံတိုင်း၊ နေရာတိုင်းမှာ တစ်ချိန်မဟုတ်တစ်ချိန်တော့ သဘာဝဘေးအန္တရာယ်ဆိုတာနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတာချည်းပါပဲ။ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသဖြင့် လူတို့မဖိတ်ခေါ်ပါဘဲလျက် သူ့အလိုလို ရောက်လာတတ်တဲ့ သဘာဝဘေးအန္တရာယ်တွေက များပြားလှပါတယ်။ အခုလည်း မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ မြို့နယ်တွေမှာ မမျှော်လင့်ဘဲ ရေကြီးမှုတွေ ကြုံတွေ့ခဲ့ရပြီး ဒေသခံတွေရဲ့ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးပျက်စီးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ တကယ့်ကိုမမျှော်လင့်တဲ့ အနေအထားမှာ အလစ်အငိုက် ဝင်ရောက်လာတဲ့ သဘာဝဘေးဆိုးတစ်ခုပါပဲ။**

အောက်တိုဘာ ၁၉ ရက်နေ့မှာ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း မောင်တောမြို့ကို မုန်တိုင်းဝင်နိုင်ခြေရှိတဲ့အတွက် တီဗွီ၊ ရေဒီယို၊ သတင်းစာများကနေ မုန်တိုင်းသတင်းထုတ်ပြန်ချက်တွေနဲ့အတူ မုန်တိုင်းတိုက်ခတ်နေချိန် ဆောင်ရွက်ရန်အချက်တွေ၊ မုန်တိုင်းကျရောက်ပြီးနောက် ဆောင်ရွက်ရန်အချက်တွေကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်သတိပေး ဆောင်ရွက်ခဲ့ပါတယ်။ သို့သော် တကယ်တမ်းမုန်တိုင်းဝင်ချိန်မှာ မျှော်မှန်းထားတဲ့ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းဒေသတွေမှာ အခြေအနေ ဆိုးဆိုးရွားရွားမရှိခဲ့ဘဲ မုန်တိုင်းကြောင့် အောက်တိုဘာ ၁၉၊ ၂၀ ရက်တွေမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ယောချောင်း၊ ကျောချောင်း၊ ယမားချောင်း၊ မြိုင်ချောင်းနဲ့ ရွှေချောင်းတို့ကနေ တောင်ကျရေတွေ ဒလဟော ထိုးဆင်းလာတဲ့အတွက် စောစောကပြောသလို ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့နယ်တွေမှာ လူအသေအပျောက် ၁၀၆ ဦး၊ တံတားကြီးငယ် ခုနစ်စင်း၊ အိမ်ခြေ ၂၀၂၃ လုံး၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ တိရစ္ဆာန်မျိုးစုံကောင်ရေ ၂၄၀၀ ကျော်နဲ့ သီးနှံစိုက်ခင်း ဧက ၃၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒေသခံတွေရဲ့ အဆိုအရ နှစ် ၁၀၀ ကျော်အတွင်း တစ်ကြိမ်မှမဖြစ်ခဲ့ဖူးတဲ့ ရေဘေးနဲ့ ရင်ဆိုင်ခဲ့ရတာပါပဲ။

သို့သော် ကျွန်တော်တို့နိုင်ငံမှာ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြီးနဲ့ ရင်ဆိုင်ရပြီးကတည်းက သဘာဝဘေးနဲ့ ပတ်သက်လို့ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်း အတွေ့အကြုံကောင်းတွေကို ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါတယ်။ အသက်ပေါင်း ၁၃၀၀၀၀ ကျော်နဲ့ အိုးအိမ်ပေါင်းများစွာ ပျက်စီးခဲ့ရတဲ့ နာဂစ်သဘာဝဘေးကို အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ ပူးပေါင်းလက်တွဲပြီး အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့သလို အစစ ပုံမှန်အတိုင်းဖြစ်အောင် အချိန်တိုအတွင်း ပြန်လည်ထူထောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတုန်းက မြေအုတ်တို့ပြိုလဲရာမှာ ကျောက်အုတ်တို့ဖြင့် အစားထိုးတည်ဆောက်နိုင်ရမယ်ဆိုတဲ့ ခံယူချက်မျိုးနဲ့ ကြိုးပမ်းစွမ်းဆောင်အောင်မြင်ခဲ့ကြတာဟာ သမိုင်းမှာ မော်ကွန်းတင်ရမယ့် အောင်မြင်မှုမျိုးဖြစ်ပါတယ်။ အလားတူ ဂီရိမုန်တိုင်းဘေးတုန်းကလည်း အချိန်တိုအတွင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် အဲဒီသဘာဝဘေးတွေနဲ့ နှိုင်းယှဉ်ရင် အခုရေကြီးမှုဖြစ်စဉ်ဟာ ဘာမှမပြောပလောက်ပါဘူး။ သို့သော် နိုင်ငံတော်ရဲ့အပိုင်းက အလေးထားမှု၊ တာဝန်ယူမှု၊ အားပေးကူညီစောင့်ရှောက်မှုတွေကတော့ ယခင် သဘာဝဘေးဖြစ်စဉ်များထက် မပိုရင်သာနေမယ်၊ မလျော့ခဲ့တာတော့ အမှန်ပါပဲ။

ယခု ပခုက္ကူရေကြီးမှုဖြစ်စဉ်နဲ့စပ်လျဉ်းပြီး ပထမအဆင့်အနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တွေကနေ အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒုတိယအဆင့်အနေနဲ့ ဒုတိယသမ္မတကိုယ်တိုင်လာရောက်ပြီး အားပေးစကားပြောကြားမှုတွေ၊ ကူညီထောက်ပံ့မှုတွေဆောင်ရွက်ရင်း မှန်ကန်တိကျတဲ့ စာရင်းဇယားတွေရရှိအောင် ကောက်ယူစေခဲ့ပါတယ်။ တတိယအဆင့်အနေနဲ့တော့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လာရောက်ပြီး ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးလုပ်ငန်းတွေ ထိထိရောက်ရောက်ဖြစ်အောင် ဆောင်ရွက်ပေးရင်း ကူညီထောက်ပံ့မှုတွေကို အလုံးအရင်းနဲ့ ပံ့ပိုးပေးခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ခရီးစဉ်အတွင်းမှာ ပြည်ထောင်စုဝန်ကြီးတွေ၊ တာဝန်ရှိသူတွေအပြင် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး စတဲ့ အဖွဲ့တွေက တာဝန်ရှိသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အလှူရှင်တွေကိုပါ စုံလင်အောင် ခေါ်ဆောင်လာခဲ့ပြီး ရေဘေးသင့်ဒေသရဲ့ လိုအပ်ချက်တွေကို ချက်ချင်းလက်ငင်း ဖြည့်ဆည်းပံ့ပိုးပေးနိုင်အောင် ဆောင်ရွက်ပေးခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော်အနေနဲ့ ရေဘေးသင့်ပြည်သူများရဲ့ စားဝတ်နေရေးအတွက် ကြိုတင်တွက်ချက်စဉ်းစားပြီး အဘက်ဘက်က အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လတ်တလော စားရေးနဲ့ ဝတ်ရေး၊ ကျန်းမာရေးကိစ္စတွေကို အဆင်ပြေအောင် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး နေရေးကိစ္စကိုတော့ အချိန်အနည်းငယ်ယူပြီး ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ နောက်နောင်ကာလတွေမှာ ယခုလို လွယ်လင့်တကူ ရေဘေးဒုက္ခ မကျရောက်စေဖို့အတွက် လုံခြုံစိတ်ချရတဲ့ နေရာများမှာသာ အခြေစိုက်နေထိုင်စေဖို့အတွက်လည်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ပျက်စီးခဲ့တဲ့စာသင်ကျောင်းတွေကို ပြန်လည်တည်ဆောက်ပေးမှာဖြစ်တဲ့အပြင် ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်၊ ခဲတံ မှအစ ကျောင်းသုံးစာရေးကိရိယာများ ပြည့်စုံအောင် ကူညီဆောင်ရွက်ပေးသွားမယ်လို့လည်း သိရပါတယ်။ ကျန်းမာရေးအတွက် သန့်ရှင်းတဲ့သောက်သုံးရေရရှိရေးနဲ့ ရောဂါဘယမဖြစ်ပွားစေရေးကိုလည်း တာဝန်ယူဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ယခုလို နိုင်ငံတော်အပိုင်းက အဘက်ဘက်က ပံ့ပိုးကူညီဆောင်ရွက်ပေးနေသလို ကာယကံရှင်များဘက်ကလည်း လွယ်လွယ်ရ လွယ်လွယ်သုံးဘဝနဲ့ ရောင့်ရဲမနေကြဘဲ ကိုယ့်အားကိုယ်ကိုးပြီး ရေရှည်ရပ်တည်နိုင်အောင် ကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ ယခင်ကထက် ပိုမိုအလုပ်ကိုကြိုးစားပြီး မိမိဘဝကို ခိုင်မာတိုးတက်လာအောင် တိုးမြှင့်ပြုပြင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း အားပေးမှာကြားခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ ဩဝါဒစကားဟာလည်း အမှန်တကယ်ပဲ လေးစားမှတ်သားလိုက်နာသင့်လှပါတယ်။ စကားမှာပါတဲ့ စေတနာနဲ့ မေတ္တာတရားတွေကြောင့် ဒေသခံပြည်သူတွေရဲ့ အမှန်တကယ်အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်မှာ အသေအချာပဲဖြစ်ပါတယ်။

**နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ရေဘေးသင့် သေဆုံးသူများအတွက်ရော ရေကြီးနစ်မြုပ်ပျက်စီးခဲ့တဲ့ အိမ်ထောင်စုများအတွက်ပါ မြို့နယ် လေးမြို့နယ်လုံးမှာ ငွေကျပ်သန်းပေါင်းများစွာ လှူဒါန်းထောက်ပံ့ပေးခဲ့သလို အတူလိုက်ပါလာတဲ့ ပြည်ထောင်စုဝန်ကြီးများနဲ့ ဝန်ကြီးဌာနများ၊ NGO များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလှူရှင်များ၊ ဒေသတွင်းက ကုန်သည်ကြီးများနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ အားလုံးကလည်း ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနဲ့ စားသောက်ကုန်များ၊ အဝတ်အထည်၊ အိမ်ထောင်သုံးပစ္စည်း၊ ကျောင်းသုံးပစ္စည်း၊ သွပ်၊ အိမ်ရိုက်သံ၊ မိုဘိုင်းလ်တယ်လီဖုန်း၊ ငွေကြေး စသဖြင့် အဘက်ဘက်က ပြည့်စုံအောင် ထောက်ပံ့လှူဒါန်းခဲ့ကြပါတယ်။ ပခုက္ကူမြို့နယ်အတွက် ငွေနဲ့ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၃၅၆ ဒသမ ၁၉၉ သန်း၊ မြိုင်မြို့နယ်အတွက် ငွေကျပ် ၄၁ ဒသမ ၄၂၉ သန်း၊ ပေါက်မြို့နယ်အတွက် ငွေကျပ် ၇၇ ဒသမ ၅၃ သန်း၊ ဆိပ်ဖြူမြို့နယ်အတွက် ငွေကျပ် ၁၄၅ ဒသမ ၃၁၇ သန်း လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြပါတယ်။ ဒါ့အပြင် ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ မြိုင်၊ ပေါက်နဲ့ ဆိပ်ဖြူမြို့နယ်များမှ ရေမျောပျက်စီးခဲ့တဲ့ နေအိမ်များ ပြန်လည်ဆောက်လုပ်ဖို့အတွက် ထူးကုမ္ပဏီ၊ IBTC ကုမ္ပဏီ၊ CB ဘဏ်၊ ရွှေသံလွင်ကုမ္ပဏီ၊ IGE ကုမ္ပဏီနဲ့ ရွှေတောင်ကုမ္ပဏီတို့က ငွေကျပ် သန်း ၂၀၀ စီထည့်ဝင်ပြီး စုစုပေါင်း ငွေကျပ် သန်း ၁၂၀၀ လှူဒါန်းခဲ့တာကိုလည်း ဝမ်းမြောက်နမော် သာဓုခေါ်ဖွယ် တွေ့ရှိရပါတယ်။**

တကယ်တော့ ပခုက္ကူ၊ မြိုင်၊ ပေါက်နဲ့ ဆိပ်ဖြူဒေသတွေမှာ ရှည်လျားလှတဲ့ နှစ်ကာလများစွာအတွင်း တစ်ကြိမ်တစ်ခါမျှ မကြုံဖူးခဲ့တဲ့ ရေဘေးပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ မကြုံစဖူး ထူးထူးကဲကဲ ဖြစ်စဉ်မျိုးဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေ အထိတ်တလန့်ဖြစ်ကြမှာ အမှန်ပါပဲ။ ဒါကြောင့်လည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကွင်းဆင်းကြည့်ရှုအားပေးပြီး လိုအပ်တာတွေကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်းကရော ဌာနဆိုင်ရာ၊ NGO၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အလှူရှင်များအားလုံးကပါ ယခုလို အားတက်သရော ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေချိန်မှာ သက်ဆိုင်ရာခရိုင်၊ မြို့နယ်တွေက တာဝန်ရှိသူတွေအနေနဲ့လည်း အောက်ခြေအထိဆင်းပြီး ကြိုးပမ်းဆောင်ရွက်ပေးမယ်ဆိုရင် ရေဘေးသင့်ပြည်သူများရဲ့ဘဝဟာ အမြန်ဆုံးပြန်လည်ထူထောင် တည်ဆောက်လာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ထောက်ပံ့ငွေနဲ့ အလှူရှင်များရဲ့လှူဒါန်းမှုအစုစုကို အမှန်တကယ် ထိခိုက်နစ်နာဆုံးရှုံးခဲ့တဲ့ ဒေသခံပြည်သူများလက်ဝယ်သို့ အမှန်ကန်ဆုံးနဲ့ အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ကြမယ်ဆိုရင် အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကား ဆိုသလို အင်မတန်ပဲ အကျိုးများမှာဖြစ်ပါတယ်။

**ရေဘေးကြောင့် ပျက်စီးသွားတဲ့ သီးနှံတွေ အမြန်ဆုံးပြန်လည်အစားထိုးစိုက်ပျိုးနိုင်ဖို့အတွက်လည်း နိုင်ငံတော်အပိုင်းက ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးနိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမယ်လို့ သိရပါတယ်။ ဒါ့အပြင် ဆိပ်ဖြူနဲ့ ပေါက်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ယာယီပြတ်တောက်သွားတဲ့ ကျေးရွာအချို့ကိုလည်း နိုင်ငံတော်သမ္မတကြီးရဲ့ အစီအစဉ်အရ တပ်မတော်(လေ)ရဟတ်ယာဉ်များဖြင့် ရိက္ခာ၊ အဝတ်အထည်နဲ့ အခြားပစ္စည်းများ ချပေးနေတယ်လို့သိရပါတယ်။ ကျေးရွာဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေး ကိစ္စများအတွက် တပ်မတော်သားများက ကွင်းဆင်းပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေတဲ့ သတင်းတွေကိုလည်း ကြားသိရပါတယ်။ ဒါ့အပြင် ပျက်စီးသွားတဲ့ လမ်းတွေ၊ တံတားတွေ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေသလို ရွှေချောင်းတံတားကိုလည်း သံကူကွန်ကရစ်တံတားအသစ်အဖြစ် တည်ဆောက်မယ်လို့ သိရပါတယ်။ အင်မတန် ဝမ်းမြောက်ဂုဏ်ယူစရာကောင်းတဲ့ သတင်းတွေပါပဲ။**

ဘာပဲပြောပြော အစိုးရနဲ့ပြည်သူဆိုတာ မိဘနဲ့သားသမီးများသာဖြစ်ပါတယ်။ ဒါကြောင့် သားသမီးဖြစ်တဲ့ ပြည်သူတွေ ဒုက္ခရောက်နေချိန်မှာ မိဘအရာမြောက်တဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ လူကြီးများကိုယ်တိုင် ကွင်းဆင်းပြီး ပြည်သူရဲ့ဒုက္ခကို ကိုယ့်ဒုက္ခလို ထပ်တူမျှဝေခံစားပေးရင်း နွေးနွေးထွေးထွေးနဲ့ အားပေးကူညီ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့တဲ့ ပုံရိပ်တွေဟာ ကရုဏာရသနဲ့ ဟဒယပီတိကို ပြိုင်တူပေးစွမ်းနိုင်ခဲ့တာ အမှန်ပါပဲ။ ပြည်သူက ရွေးချယ်တင်မြှောက်ခဲ့တဲ့ ပြည်သူ့အစိုးရပီပီ ပြည်သူများအကြားမှာ တရင်းတနှီး ထိတွေ့အားပေး ပံ့ပိုးဖြည့်ဆည်းစောင့်ရှောက်ပေးနေပုံတွေကို MRTV ဖန်သားပြင်မှာ မြင်တွေ့ရတော့ အစိုးရနဲ့ပြည်သူဆိုတဲ့ အဖြစ်မှန်နဲ့ ဘယ်ပန်းချီရေးမမီနိုင်တဲ့ မိဘမေတ္တာကို နားလည်ခံစားမိပြီး ရင်ထဲမှာ နွေးထွေးသွားခဲ့ရပါတယ်။

**နိုင်ငံတော်သမ္မတကြီးအနေနဲ့ များပြားလှတဲ့ နိုင်ငံ့တာဝန်များအကြားကနေ ရေဘေးသင့်ပြည်သူတွေကို ကိုယ်တိုင်တွေ့ဆုံအားပေး ပံ့ပိုးဆောင်ရွက်ပေးလိုတဲ့ မိဘသဖွယ်အရင်းခံစိတ်ဓာတ်မျိုးနဲ့ အချိန်ယူပြီး မရောက်ရောက်အောင် သွားရောက်ခဲ့ခြင်းဖြစ်တယ်လို့ နားလည်သဘောပေါက်မိပါတယ်။ ဒါ့အပြင် အတွေ့အကြုံရင့်ကျက်ပြီး အမြော်အမြင်ကြီးမားသူပီပီ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ထိရောက်ကောင်းမွန်တဲ့၊ အမှန်တကယ်လိုအပ်တဲ့ လမ်းညွှန်ပံ့ပိုးဆောင်ရွက်မှုတွေကိုလည်း ဆုံးဖြတ်ချမှတ်ပေးနိုင်ခဲ့ပါတယ်။ ဒေသအတွက်ရော ဒေသခံပြည်သူများအတွက်ပါ ထူးခြားပြီး အကျိုးကျေးဇူးကြီးမားလှတဲ့ ခရီးစဉ်တစ်ရပ်ပဲဖြစ်ပါတယ်။**

ဒီခရီးစဉ်ကို လိုက်ပါခွင့်ရတဲ့ ကျွန်တော့်အတွက်တော့ ပြောမပြနိုင်လောက်အောင် အကျိုးကျေးဇူးကြီးမားလှသလို အခြေအနေအရ ကယ်ဆယ်ရေးစခန်းမှာ ရောက်ရှိနေကြပေမယ့် အပြုံးမပျက်ဘဲ တက်ကြွရှင်သန်နေတဲ့ ဒေသခံပြည်သူတွေရဲ့ အားမာန်များအတွက် အထူးပဲလှိုက်လှဲဝမ်းသာပီတိဖြာခဲ့ရပါတယ်။ ပြည်တွင်း ပြည်ပ မီဒီယာမျိုးစုံက တစ်ဖက်သတ်ပြောနေကြသလို ကူရာမဲ့၊ ကယ်ရာမဲ့ အတိဒုက္ခရောက်နေကြတဲ့ အနေအထားမျိုး မဟုတ်တဲ့အတွက်လည်း ပူပန်စိတ်တွေပပျောက်ပြီး စိတ်အေးခဲ့ရပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့ ဒေသခံပြည်သူတွေ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး လှိုက်လှိုက်လှဲလှဲ ပြောဆိုဆက်ဆံနေကြတဲ့ မြင်ကွင်းကို ကြည့်ရင်း နိုင်ငံတော်ရဲ့ လှပတဲ့အနာဂတ်ကို တွေ့မြင်နေရပြီလို့ ခံစားယုံကြည်မိပါတယ်။

**သဘာဝဘေးကို လွန်ဆန်လို့၊ ရှောင်လွှဲလို့ မရနိုင်ဘူးဆိုတာ ကျွန်တော် ပြောခဲ့ပြီးပါပြီ။ သို့သော် တတ်နိုင်သမျှ ကာကွယ်လို့၊ ရှောင်ရှားလို့၊ ကြိုတင်ပြင်ဆင်လို့ ရနိုင်ပါတယ်။ အလားတူ ဖြစ်ပြီးတဲ့နောက်မှာ ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေနဲ့ အဘက်ဘက်က သက်သာရာရအောင် ပြန်လည်ကုစားကြရပါမယ်။ ယခုလည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ရေဘေးသင့်ပြည်သူတွေအတွက် အဘက်ဘက်က သက်သာရာရအောင် ကွင်းဆင်းကုသ ကုစားပေးနေခြင်းပဲ ဖြစ်ပါတယ်။ ပျက်ပြီးရင် ပြင်ရမှာပါ။ အသစ်တည်ဆောက်သင့်ရင်လည်း အသစ်တည်ဆောက်ကြရမှာပါ။ အဓိကကတော့ အပျက်အစီးပုံထဲမှာ ခေါင်းစိုက်မနေဘဲ ထကြွနိုးကြား အားမာန်အသစ်များနဲ့ ပြန်လည်ရုန်းထရှင်သန်တည်ဆောက်နိုင်ဖို့ အရေးကြီးတာပါပဲ။ ဒါကို ဒေသခံပြည်သူတွေ သိမြင်နားလည်လက်ခံလာအောင် နိုင်ငံတော်သမ္မတကြီးက မီးမောင်းထိုးပြခဲ့ပါတယ်။ အထူးပဲ ကျေးဇူးတင်မိပါတယ်။**

ပြည်တွင်းအားဟာ ပြည်တွင်းမှာပဲရှိပါတယ်။ နာဂစ်တို့၊ ဂီရိတို့တုန်းကလည်း ပြည်တွင်းအားကိုပဲ အဓိကထားပြီး ပြန်လည်ရုန်းထရှင်သန်နိုင်ခဲ့တာဖြစ်ပါတယ်။ ယခုလည်း အလားတူပါပဲ။ နိုင်ငံတော်အပိုင်းက လဲနေသူမကျန်ရအောင် ထူပေးနေပါပြီ။ စေတနာ၊ မေတ္တာနဲ့ ထူပေးနေချိန်မှာ ကာယကံရှင်က ထချင်စိတ်ရှိဖို့ပဲ လိုပါတယ်။ မိဘအရာဖြစ်တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ စေတနာ၊ မေတ္တာ၊ အားပေးစောင့်ရှောက်လမ်းညွှန်မှုတွေနဲ့အတူ ဧရာမြစ်အနောက်ခြမ်း ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူဒေသက ရေဘေးသင့်ပြည်သူများအားလုံး အချိန်တိုအတွင်း ပုံမှန်ဘဝများကို ပြန်လည်ထူထောင်တည်ဆောက်ရှင်သန်နိုင်ကြစေဖို့ ယုံကြည်မှုအပြည့်နဲ့ ဆန္ဒပြုပါတယ်။ ။

## TV Guide ထုတ်ဝေဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၂၉**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် (၃၆) ကို အောက်တိုဘာ ၂၉ ရက် (စနေနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် For Choice ရုပ်သံလိုင်း၌ ပြသမည့် ကိုရီးယားဇာတ်လမ်းတွဲသစ် "နေ့သစ်များဆီသို့" ဇာတ်လမ်းအကြောင်း Animal Planet ရုပ်သံလိုင်းတွင် ထူးခြားလှသည့် မျောက်နှစ်ကောင်၏ အချစ်ဇာတ်လမ်းအား ပြသမည့် Romeo & Juliet; A Monkey's Tale အစီအစဉ်နှင့် ရန်ဘက်ဖြစ်သည့် ခြင်္သေ့နှင့် ကျားသစ်တို့အကြားမှ သံယောဇဉ်အား ကြည့်ရမည့် The Lioness and the Leopard အစီအစဉ် ရုပ်သံလိုင်းအားလုံး၏ နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network (၀၉-၇၃၀၆၀ ၃၁၅)မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express (09-5080850,391186) သို့ မှာယူနိုင်သည်ဟု သိရသည်။ (သတင်းစဉ်)

## မထသ(ဗဟို)မှ ဒရိုင်ဘာဂျာနယ်ထွက်ပြီ

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးဗဟိုကော်မတီက ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေး၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ဘတ်စ်ကားစီးခရီးသည်များနှင့် လမ်းသွားလမ်းလာပြည်သူများ ယာဉ်အန္တရာယ် ကင်းဝေးစေရေးတို့တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီလုပ်ဆောင်နိုင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဒရိုင်ဘာဂျာနယ် (The Driver Journal) အတွဲ(၁)၊ အမှတ်(၁)ကို အောက်တိုဘာ ၂၇ ရက်မှ စတင်ကာ ထုတ်ဝေလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်ကို နှစ်ပတ်လျှင်တစ်ကြိမ် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

(မောင်လှိုင်)

## ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၇) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များမွေ့ရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက်မိတ်ဆွေများအားလုံး တက်ရောက်ပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုက ဒေါက်တာအေးအေးမြင့် (ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း-၅၃၇၉၅၁၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀၂၄၁၉၄၊ ဦးကျော်သောင်း ဖုန်း-၅၅၂၂၉၇၊ ဒေါ်တင်တင်ရှု (D.E.P.T) ဖုန်း-၅၅၇၃၀၉၊ ဦးစိုးဝင်း (ဦးစီး-၁) ဖုန်း-၅၄၈၇၃၉၊ ဦးစံထိုက် (ဦးစီး-၂)၊ ဖုန်း-၀၂-၆၆၄၀၂၊ ဦးမျိုးမြင့်ကျော် (ဦးစီး-၃) ဖုန်း-၂၁၁၁၉၅၊ ဦးရှိန်းလိန်းအောင် ဖုန်း-၅၆၄၂၃၁၊ ဦးကျော်ဝင်း (ကျောင်းအုပ်ကြီး၊ အထက-၁၊ လမ်းမတော်) ဖုန်း-၂၂၉၁၃၊ ဒေါ်ရီရီဝင်း ဖုန်း-၂၄၆၃၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)




## ကြည့်ရှုလေ့လာ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး စန်းကျန့်မြို့ရှိ ZTE Corporation စက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။

*(သတင်း-ကျော်ဖုံး)*

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ကွမ်တုံပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhu Xiao Dan လာရောက်တွေ့ဆုံ

## လာရောက်တွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးအား ကွမ်တုံပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhu Xiao Dan လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



**နေပြည်တော် အောက်တိုဘာ ၂၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ကွမ်တုံပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhu Xiao Dan သည် အောက်တိုဘာ ၂၆ ရက် ညပိုင်းတွင် ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့ရှိ Shangri-La ဟိုတယ် Beijiang Function Room ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကွမ်တုံပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကွမ်တုံပြည်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် ကွမ်တုံပြည်နယ်တို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေး၊ သတ္တု၊ ပို့ဆောင်ရေး၊ အားကစားကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၉**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နမ့်စန်မြို့တွင် သုည ဒသမ ၈၃ လက်မနှင့် ပေါက်မြို့တွင် သုည ဒသမ ၄၇ လက်မတို့ ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန်အတွက် အောက်တိုဘာ ၂၇ ရက်တွင် ခေတ္တတည်းခိုသည့် ကွမ်ကျိုးမြို့ Shangri-La ဟိုတယ်မှ အထူးယာဉ်တန်းဖြင့် ထွက်ခွာလာရာ ကွမ်ကျိုးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

### ပို့ဆောင်နှုတ်ဆက်

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ၊ ကွမ်တုံပြည်နယ် နိုင်ငံခြားရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Wang Shi Tong နှင့် ကွမ်တုံပြည်နယ်အစိုးရ တာဝန်ရှိသူများက ကွမ်ကျိုးလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

### ပြန်လည်ရောက်ရှိ

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ရောက်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)




# အိုကီနာဝါယဉ်ကျေးမှုဖလှယ်ရေးအဖွဲ့ ပဒေသာကပွဲ ကျင်းပ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အိုကီနာဝါ ယဉ်ကျေးမှုဖလှယ်ရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်တင်ဆက်သည့် အိုကီနာဝါယဉ်ကျေးမှု ဖလှယ်ရေးအဖွဲ့ ပဒေသာကပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးမိသားစုများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**(အပေါ်ဝဲပုံ)**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ Minister Counsellor Mr. Ichiro MARUYAMA က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိုကီနာဝါယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ Mr. Masayasu Tamaki က အိုကီနာဝါယဉ်ကျေးမှု အဖွဲ့အကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အိုကီနာဝါယဉ်ကျေးမှုအဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)တို့မှ အနုပညာရှင်များက ဂျပန်ရိုးရာနန်းတွင်းအကများ၊ ကျေးလက်အကများနှင့်မြန်မာ့ရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ကြောင်းနှင့် ဖျော်ဖြေပွဲအပြီးတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးနှင့် အိုကီနာဝါ ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ Mr. Masayasu Tamaki တို့သည် ဂုဏ်ပြုပန်းခြင်းများ အပြန်အလှန် ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းနှင်သူများ ယာဉ်စည်းကမ်းဖောက်ဖျက်လျှင် ပြစ်ဒဏ်ချမှတ်အပြစ်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်ရှစ်မြို့နယ်ရှိ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ယာဉ်ထိန်း၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း/အဝေးပြေး)တို့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် အောက်တိုဘာ ၂၈ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ဆိုင်ကယ်အသုံးပြုသူများ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံးမှု ရှိ၊ မရှိ အရှိန်အဟုန်မြှင့်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိသော အဖွဲ့ရှစ်ဖွဲ့ကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးအောင်ခင်နှင့် ဆပ်ကော်မတီဝင် များက လိုက်လံစစ်ဆေးကြပ်မတ်ကြသည်။ မော်တော်ဆိုင်ကယ် စီးနင်း၊ မော်တော်ယာဉ်မောင်းနှင်သူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာကြလျှင် နေပြည်တော် စည်ပင်သာယာရေးကော်မတီဥပဒေ ပုဒ်မ (၂၆)ဖြင့် တရားစွဲတင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါပြစ်ဒဏ်များ ချမှတ် အပြစ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား စန်းကျန့်မြို့ ယာယီမြို့တော်ဝန် လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ကွမ်တုံပြည်နယ် စန်းကျန့်မြို့ ယာယီမြို့တော်ဝန် Mr. Lv Rei Fong သည် အောက်တိုဘာ ၂၄ ရက် ညနေပိုင်းတွင် စန်းကျန့်မြို့ရှိ Fution Shangri-La ဟိုတယ် တတိယထပ်၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး စန်းကျန့်မြို့ ယာယီမြို့တော်ဝန်နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် စန်းကျန့်မြို့ပြအစိုးရနှင့် မြို့ပြနိုင်ငံခြားရေးရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ကျောက်မျက်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။ (သတင်းစဉ်)



## လာရောက်တွေ့ဆုံ

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ကွမ်တုံပြည်နယ် စန်းကျန့်မြို့ ယာယီမြို့တော်ဝန် Mr. Lv Rei Fong လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး စန်းကျန့်မြို့ရှိ Huawei ရုံးချုပ်တွင် ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)



# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး စန်းကျန့်မြို့ Huawei ရုံးချုပ်တွင် ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာလိုက်ပါလျက် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် စန်းကျန့်မြို့ရှိ Huawei ရုံးချုပ်သို့ရောက်ရှိကြရာ Huawei Technologies Co.,Ltd. CEO Mr. Ren Zhengfei နှင့်တာဝန်ရှိသူများကကြိုဆိုကြသည်။**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Huawei ရုံးချုပ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူတစ်ဦးက Huawei ကုမ္ပဏီ၏ အဆင့်မြင့်ဆက်သွယ်ရေးဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းများကို လိုက်လံရှင်းလင်းပြသသည်။

ဒုတိယသမ္မတသည် Huawei ရုံးချုပ်သို့ ရောက်ရှိစဉ် Huawei Technologies Co.,Ltd. CEO Mr. Ren Zhengfei နှင့် ဆက်သွယ်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လိုက်ပါလျက် စန်းကျန့်မြို့မှ အထူးမော်တော်ယာဉ်တန်းဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေ ၃ နာရီခွဲတွင် ကွမ်ကျိုးမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ကွမ်တုံပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူး Mr. Wang Shi Tong နှင့် ကွမ်တုံပြည်နယ်အစိုးရ တာဝန်ရှိသူများက ကွမ်ကျိုးမြို့ရှိ ခေတ္တတည်းခိုမည့် Shangri-La ဟိုတယ်၌ ကြိုဆိုကြသည်။ (သတင်းစဉ်)

**ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး စန်းကျန့်မြို့ရှိ Huawei ရုံးချုပ်တွင် အဆင့်မြင့်ဆက်သွယ်ရေးဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)





# 3D Air Traffic Control Simulator
# ငါးဆယ်ရာခိုင်နှုန်းပြီးစီးပြီ

**ရန်ကုန် အောက်တိုဘာ ၂၉**

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအောက်ရှိ လေကြောင်းပညာသိပ္ပံကို ၁၉၉၁ ခုနှစ်တွင် ကမ္ဘာ့လေကြောင်းအဖွဲ့ချုပ် ရန်ပုံငွေဖြင့် စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။ လေကြောင်းပညာသိပ္ပံသည် အပြည်ပြည်ဆိုင်ရာ လေယာဉ်မှူးကြီး လိုင်စင်သင်တန်း၊ မြို့ပြလေကြောင်းလေယာဉ်မှူး လိုင်စင်သင်တန်း၊ လေကြောင်းဆက်သွယ်ရေး၊ လေကြောင်း ဘေးအန္တရာယ် ကင်းဝေးစေရေး၊ လေကြောင်းလုံခြုံရေးသင်တန်းများကို သင်ကြားပေးလျက်ရှိပြီး ၂၀၁၁ ခုနှစ်အတွင်း သင်တန်းအမျိုးအစား ၁၃ ခုမှ သင်တန်း ၅၅ ခုအထိ ဖွင့်လှစ်သင်ကြားရန် စီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံကို ဖြတ်ကျော်ပျံသန်းနေသည့် လေယာဉ်စီးရေမှာ နှစ်စဉ် ၁ ဒသမ ၅ သိန်းကျော်ပြီး ယခုနှစ်တွင် ၅ ရာခိုင်နှုန်း ပိုမိုဖြတ်သန်းလာသည်ကို တွေ့ရသည်။ ထို့ကြောင့် အနာဂတ်လေကြောင်းလမ်းညွှန်စနစ်များကို အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ လိုအပ်ချက်များနှင့်အညီ လေကြောင်းထိန်း ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်၊ ခေတ်မီနည်းပညာရပ်များကို စာတွေ့လက်တွေ့လေ့ကျင့်ပေးနိုင်ရန်၊ ကျွမ်းကျင်လေကြောင်း အီလက်ထရွန်နစ်ပညာရှင်များ၊ လေကြောင်း ဆက်သွယ်ရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံဝင်းအတွင်း၌ 3D Air Traffic Control Simulator ကို တည်ဆောက်လျက်ရှိသည်။

3D Air Traffic Control Simulator စက်နှင့် ဆက်စပ်ပစ္စည်းများမှာ ဝယ်ယူထားပြီးဖြစ်ပြီး 3D Air Traffic Control Simulator အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်ဟု သိရသည်။

အဆိုပါ အဆောက်အအုံပြီးစီးပါက လေကြောင်းကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်ပြီး အရည်အသွေးအရည်အချင်း ပြည့်ဝသော ပညာရှင်များမွေးထုတ်သွားရန်အပြင် 3D Flight Simulator သင်တန်း၌ နိုင်ငံခြားသင်တန်းသားများအား လေ့ကျင့်ပေးနိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပညာသိပ္ပံမှ တာဝန်ရှိသူက ပြောကြားသည်။ (စိုးမင်း-သတင်းစဉ်)

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လုပ်ငန်းဆောင်ရွက်မှုများ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

**ပြည်တွင်း၊ ပြည်ပသို့ ထွက်ခွာမည့် ခရီးသည်များ၊ ပြည်ပမှ ဝင်ရောက်လာသည့် ခရီးသည်များနှင့် ဝန်စည်များကို စိစစ်ခြင်း၊ တရားမဝင်တင်သွင်း၊ တင်ပို့ကုန်ပစ္စည်းများကို တားဆီးခြင်း စသည်တို့ကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ မှုတမှန်ကန်စွာ ဆောင်ရွက်ရင်း ဌာနနှင့် ဆက်သွယ်သူ ပြည်သူများ၏ လိုအပ်ချက်များကို ချောမောပြေပြစ်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အလေးထား အကောင်အထည်ဖော်ကြရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် ရှင်းလင်းခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဆွေးနွေးမှာကြားသည်။**

ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့်အတူ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာခန်းမ၌ ခရီးသည်များ၏ ဝန်စည်များကို စိစစ်ခြင်း၊ လေကြောင်းဖြင့်တင်ပို့သော ကုန်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရွက်စာတမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးခွင့်ပြုပေးနေခြင်း၊ လုံခြုံရေးဆိုင်ရာ စိစစ်ခြင်းစသည်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံခြားငွေလက်မှတ် လဲလှယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ပဆိုက်ရောက်ခန်းမတွင် ဆိုက်ရောက်ခရီးသည်များ၏ကုန်စည်များ သယ်ယူပို့ဆောင်ပေးရန် စီစဉ်ထားရှိမှုများ၊ တရားမဝင် တင်သွင်းမှုများကို စိစစ်ရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝင်း အတွင်းရှိ အကောက်ခွန်ဦးစီးဌာန လေဆိပ်ကုန်လှောင်ရုံ၌ ပစ္စည်းများ သိုလှောင်ထားရှိမှုများ၊ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် စိစစ်ထုတ်ပေးမှုများကို ကြည့်ရှုစစ်ဆေးကာ ကုန်ပစ္စည်းများကို အမျိုးအစားအလိုက် သဘောသဘာဝအလိုက် စနစ်တကျ သိုလှောင်ထားရှိကြရန်၊ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် လုံခြုံရေးအထူးဂရုပြုကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြိတ်မြို့၌ မြန်မာ့သစ်တောသီတင်းပတ် အခမ်းအနားကျင်းပ

**မြိတ် အောက်တိုဘာ ၂၉**

အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ်လှုပ်ရှားမှု ဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင် မြိတ်မြို့ ကျွန်းရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးခိုင်က မြန်မာ့သစ်တောသီတင်းပတ်လှုပ်ရှားမှု သဘာဝပတ်ဝန်းကျင်တည်တံ့ရေးသစ်တောများထိန်းသိမ်းပေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအကြောင်းတို့ကို ဟောပြောသည်။ (ခရိုင်ပြန်/ဆက်)

# ဖြူး၌ သစ်တောသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် သစ်တောဦးစီးဌာန၏ အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ် ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်တောသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းအနေဖြင့် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ချင်းခင်ကျေးရွာအုပ်စု ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧကတွင် စိုက်ပျိုးထားသော သစ်ပင်များအား ပေါင်းရှင်းခြင်း၊ ခါးဆွခြင်း၊ မြေဩဇာကျွေးခြင်း၊ သေပင်ဖာထေးခြင်းလုပ်ငန်းတို့ကို ဖြူးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်စိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် စစ်တုရင်၊ စားပွဲတင်တင်းနစ်နှင့် ရေကူးအားကစားသမားများအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကများ တွေ့ဆုံအားပေး၊ ထောက်ပံ့ငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် စစ်တုရင်၊ စားပွဲတင်တင်းနစ်နှင့် ရေကူးအားကစားနည်းနာယက ဒေါ်စိုးဝတ်ရည်နှင့် နာယကအဖွဲ့ဝင်များ ဖြစ်ကြသော ဒေါ်နုနုထွေး၊ ဒေါက်တာဒေါ်အေးကြည်ညွှန့်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် အမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၊ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့မှ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် စစ်တုရင်၊ စားပွဲတင်တင်းနစ်နှင့် ရေကူးအားကစားနည်း နာယကနှင့် အဖွဲ့ဝင်များက စစ်တုရင်၊ စားပွဲတင်တင်းနစ်နှင့် ရေကူးအားကစားသမားများအား အင်အားဖြည့်အစားအသောက်များ ဖြည့်စွက်စားသောက်ရန် ထောက်ပံ့ငွေကျပ် လေးသိန်းစီ စုစုပေါင်းငွေကျပ် ၁၂ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ငါးနိုင်ငံဟော်ကီပြိုင်ပွဲ အကြိုအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ကကြီးမှူး၍ သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပမည့် မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း ငါးနိုင်ငံ အမျိုးသားပတ်လည် ဟော်ကီပြိုင်ပွဲအတွက် အကြိုညှိနှိုင်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယမန်နေ့ညနေပိုင်းက သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်ဦးထင်ဇော်ဝင်းက ငွေကျပ်သုံးသိန်းနှင့် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ကျော်လှိုင်၊ ဦးဇော်ဝင်း၊ ဦးစောလုလုထော်တို့က တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ စီ၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်၊ ဘဏ္ဍာရေးမှူးဦးအောင်သန်းတို့က တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ၊ အတွင်းရေးမှူး ဦးကျော်ဝင်း၊ အလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးမူဆာအေမဒါ၊ ဦးမျိုးကိုကို၊ ဦးကိုကိုတို့က တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီ လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ငါးနိုင်ငံဟော်ကီပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိကျင်းပရန်နှင့် ပြိုင်ပွဲအကြိုမှ ပြီးဆုံးသည်အထိ လုပ်ငန်းစဉ်အားလုံး အဆင်ပြေချောမွေ့စေရန် လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။ (၁၉)

## လှိုင်းဘွဲ့မြို့ဝင် သံပေါင်တံတားပျက်စီး

**နေပြည်တော် အောက်တိုဘာ ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံ-လှိုင်းဘွဲ့လမ်း မိုင်တိုင်အမှတ် (၂၄/၂)ရှိ လှိုင်းဘွဲ့မြို့ဝင် တံတားအမှတ် (၁/၂၅) အရှည် ၁၉၅ ပေ၊ (၆၅ ပေ × ၃ ခန်း) R.P.T သံပေါင်တံတားသည် အောက်တိုဘာ ၂၄ ရက် ည ၉ နာရီခန့်တွင် ရေလယ်တိုင် ($P_1$) နှင့် ($P_2$)ပြိုကျပြီး တံတားကိုယ်ထည် သုံးပိုင်းပြတ်ကျ၍ ပျက်စီးခဲ့သည်။**(ယာပုံ)**



အဆိုပါတံတားကို ၁၉၂၁ ခုနှစ်တွင် တည်ဆောက်အသုံးပြုခဲ့ပြီး နှစ်ပေါင်း (၉၀)ကျော် သက်တမ်းရှိပြီဖြစ်ကာ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှုကြောင့် တံတား၏ ခံနိုင်ဝန်သက်တမ်း လျော့နည်းကျဆင်းလာပြီး ယခုကဲ့သို့ ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားပျက်စီးမှုအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၆)က ဘားအံဘက်ကမ်း ချဉ်းကပ်လမ်းအတက်/အဆင်းတွင် မြေဖို့ခြင်း၊ တံတားအတက်အဆင်းတွင် မြေသားဖြို၍ ညှိဖြန့်ပေးခြင်းလုပ်ငန်းများကို လည်းကောင်း၊ ဘားအံခရိုင် အင်ဂျင်နီယာမှူးနှင့်အဖွဲ့က လှိုင်းဘွဲ့ဘက်ကမ်း မြေညှိခြင်းလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး ဘားအံ-လှိုင်းဘွဲ့လမ်း လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိပြီး မီးလောင်၍ သုံးဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၉**

အောက်တိုဘာ ၂၄ ရက် ည ၁၁ နာရီခွဲခန့်တွင် မြင်းမူမြို့နယ် မန္တလေး-စစ်ကိုင်း-မြင်းမူ-မုံရွာလမ်း မိုင်တိုင်အမှတ် (၄၄/၃)နှင့် (၄၄/၄)အကြား မုံရွာမှ မန္တလေးသို့ ယာဉ်မောင်း ဦးနိုင်ဝင်း မောင်းနှင်လာသည့် သစ်လုံးတင်ယာဉ် ၁၀ ဘီးကား ယာဉ်အမှတ် (၅ခ/ ၂၉၂၃)နှင့် မန္တလေးမှ မုံရွာသို့ ယာဉ်မောင်း ဦးရဲအောင် မောင်းနှင်လာသည့် (၆)ဘီးကား ယာဉ်အမှတ် (၈ျ/၈၀၄၀)တို့ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိပြီး**(ယာပုံ)** ယာဉ်နှစ်စီးလုံး မီးလောင်မှုဖြစ်ပွား၍ ယာဉ်မောင်းနှစ်ဦးနှင့် ယာဉ်နောက်လိုက် တစ်ဦး ပေါင်းသုံးဦး သေဆုံးသွားကြောင်း သိရှိရသည်။

(သတင်းစဉ်)



အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

## အမေရိကန်ရေတပ် မောင်းသူမဲ့ရေငုပ်ယာဉ်၏ လျှို့ဝှက်ချက်များ ပြည်ပသူလျှိုအဖွဲ့များ၏ ပစ်မှတ်ဖြစ်လာ

**ဝါရှင်တန် အောက်တိုဘာ ၂၉**

အမေရိကန်ပြည်ထောင်စု၏ ပင်လယ်ရေအောက်သုံး မောင်းသူမဲ့ဒရုန်းရေငုပ်ယာဉ်ငယ်များဆိုင်ရာ လျှို့ဝှက်ချက်များအား ရယူနိုင်ရေးအတွက် ပြည်ပနိုင်ငံများမှ သူလျှိုအဖွဲ့အစည်းများက အပြင်းအထန် ကြိုးပမ်းခဲ့ကြကြောင်း ပင်တဂွန်စစ်ဌာနချုပ် ထောက်လှမ်းရေးအစီရင်ခံစာတစ်ရပ်ကို ကိုးကား၍ အောက်တိုဘာ ၂၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

### ပိုမိုမြင့်တက်လာ

ပင်တဂွန်စစ်ဌာနချုပ်၏ တန်ပြန်ထောက်လှမ်းရေးဆိုင်ရာ အစီရင်ခံစာတစ်ရပ်အရ မကြာသေးမီနှစ်များအတွင်း သမားရိုးကျ ထောက်လှမ်းရေးနည်းစနစ်များအပြင် အီလက်ထရွန်နစ် စစ်ဆင်ရေးများပါ အသုံးပြု၍ မောင်းသူမဲ့ဒရုန်းရေငုပ်ယာဉ်များ၏ လျှို့ဝှက်ချက်များအား ရယူနိုင်ရေးကြိုးပမ်းမှုများ ပိုမိုမြင့်တက်လာကြောင်း သိရသည်။

အဆိုပါ သူလျှိုစစ်ဆင်ရေးများကို အမည်မဖော်ပြလိုသော အရှေ့အာရှနိုင်ငံကြီးများက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်၏ တန်ပြန်ထောက်လှမ်းရေးဆိုင်ရာ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ယင်း အာရှနိုင်ငံကြီးများသည် အမေရိကန်ပြည်ထောင်စု၏ ရေအောက်မောင်းသူမဲ့ယာဉ်(အေယူဗွီ)များဆိုင်ရာ လျှို့ဝှက်ချက်များအား လက်ဝယ်ရယူထားခြင်းဖြင့် ပင်လယ်ရေအောက်၌ အမေရိကန်ပြည်ထောင်စု၏ စစ်ရေးအရ စိုးမိုးနိုင်စွမ်းကို လျှော့ချနိုင်ရန် မျှော်လင့်ထားသည်ဟု ဆိုသည်။

### သိုသိပ်စွာလုပ်ဆောင်

အမေရိကန်ရေတပ် မောင်းသူမဲ့ရေငုပ်ယာဉ် (အေယူဗွီ)များသည် လွန်ခဲ့သော ၁၀ နှစ်ကျော်ကပင် ကမ္ဘာ့သမုဒ္ဒရာများ၏ ရေအောက်၌ စစ်ရေးတာဝန်များ သိုသိပ်စွာ လုပ်ဆောင်နေခဲ့ကြောင်း အေဘီစီသတင်းဌာနက ဖော်ပြသည်။

အေယူဗွီယာဉ်များသည် ရန်သူ့သင်္ဘောနှင့်ဆိပ်ကမ်းများအား ထောက်လှမ်းခြင်း၊ ရေအောက်မိုင်းများရှင်းလင်းခြင်းနှင့် တိုက်ခိုက်ရေးတာဝန်များ အပါအဝင် စစ်ရေးမစ်ရှင်အမျိုးမျိုးကို လုပ်ဆောင်နိုင်စွမ်းရှိကြောင်း အမေရိကန်ရေတပ်က ပြောကြားခဲ့သည်။

***အင်တာနက်။***



**အမေရိကန်ရေတပ်၏ မြန်နှုန်းမြင့် စစ်ရေယာဉ်တစ်စင်းကုန်းပတ်ပေါ်တွင် တင်ဆောင်ထားသော မောင်းသူမဲ့ ဒရုန်းရေငုပ်ယာဉ်(အေယူဗွီ)များကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဆိုမာလီယာ၌ ဗြိတိန်အထူးတပ်ဖွဲ့ဝင်များ ကမ်းတက်စစ်ဆင်ရေး လျှို့ဝှက်ဆင်နွှဲခဲ့ဟုဆို

လန်ဒန် အောက်တိုဘာ ၂၉။ ။ **ယခုနှစ် ဇူလိုင်လအတွင်း ဗြိတိသျှအထူးတပ်ဖွဲ့ဝင်များသည် ပြည်တွင်းစစ်ဒဏ်ခံနေရသော ဆိုမာလီယာနိုင်ငံ၏ ကမ်းရိုးတန်းဒေသ၌ ကမ်းတက်စစ်ဆင်ရေးတစ်ရပ်ကို အလစ်အငိုက်ဆင်နွှဲကာ လူမျိုးစုခေါင်းဆောင် တစ်ဦးအား ထိန်းသိမ်းခေါ်ဆောင်သွားခဲ့ကြောင်း ဒေးလီးမေးလ်သတင်းစာက အောက်တိုဘာ ၂၉ ရက်တွင် ဖွင့်ချခဲ့သည်။**

အဆိုပါလျှို့ဝှက်စစ်ဆင်ရေးအတွင်း ဗြိတိန်ဘုရင့်ရေတပ်မတော်မှ လက်ရွေးစင်တပ်ဖွဲ့ဝင်များသည် ကမ်းထိုးရေယာဉ်တစ်စင်းပေါ်မှတစ်ဆင့် ဗိုက်ကင်းအမျိုးအစား သံချပ်ကာယာဉ်များအသုံးပြုကာ ဆိုမာလီယာကမ်းခြေသို့ တက်ရောက်ခဲ့ကြသည်။

ဗြိတိသျှ အထူးတပ်ဖွဲ့ဝင်များသည် ဆိုမာလီယာနိုင်ငံ ကုန်းတွင်းပိုင်း မိုင်ပေါင်းများစွာအထိ ထိုးဖောက်ဝင်ရောက်ခဲ့ပြီး လူမျိုးစုခေါင်းဆောင်ကို ခေါ်ထုတ်သွားနိုင်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းစာက ဖော်ပြထားသည်။

ဆိုမာလီယာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေမှာ အတိမ်းအစောင်းမခံသည့် အခြေအနေမျိုး၌ ရှိနေစဉ်ကာလအတွင်း ဗြိတိန်ရေတပ်က မမျှော်လင့်ဘဲ လျှို့ဝှက်ကမ်းတက်စစ်ဆင်ရေးကို ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ်းတက်စစ်ဆင်ရေးတွင် ပါဝင်ခဲ့သော ဗြိတိန်ရေတပ် အမှတ်-၅၃၉ တိုက်ခိုက်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ပစ်မှတ် လူမျိုးစုခေါင်းဆောင်ကို ဆိုမာလီယာနိုင်ငံမှ အောင်မြင်စွာ ခေါ်ထုတ်ခဲ့ပြီး ၎င်းနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဗြိတိန်ထောက်လှမ်းရေးအဖွဲ့ (အမ်အိုင်-၆) တို့အကြား အရေးကြီးဆွေးနွေးပွဲပြုလုပ်ရေးအတွက် ဆိုမာလီယာကမ်းလွန်၌ ကျောက်ချထားသည့် ရေတပ်ထောက်ပံ့ရေးသင်္ဘောတစ်စင်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း ဒေးလီးမေးလ်သတင်းစာက ဖော်ပြသည်။

အဆိုပါကမ်းတက်စစ်ဆင်ရေးသည် ဗြိတိန်စစ်ဘက်က ဆိုမာလီယာနိုင်ငံ၌ နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးပြုလုပ်ခဲ့သော စစ်ဆင်ရေးဖြစ်သည်။ စစ်ဆင်ရေးအတွင်း ဗိုက်ကင်းသံချပ်ကာယာဉ်နှစ်စင်းပါဝင်ခဲ့ပြီး တစ်စင်းလျှင် အထူးတပ်ဖွဲ့ဝင် ၁၂ ဦးစီ လိုက်ပါခဲ့ကြောင်း သိရသည်။

***အင်တာနက်။***



# သန်း ၇၀၀၀ မြောက် လူသား အိန္ဒိယနိုင်ငံ၌ မွေးဖွားဖွယ်ရှိ

**နယူးဒေလီ အောက်တိုဘာ ၂၉**

ကမ္ဘာ့သန်း ၇၀၀၀ မြောက်လူသားကို အောက်တိုဘာ ၃၁ ရက်တွင် မွေးဖွားမည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားကြောင်း၊ ယင်းကလေးငယ်သည် မည်သည့်နိုင်ငံသားဖြစ်မည်ကို အတတ်မပြောနိုင်ကြောင်း၊ သို့ရာတွင် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ အဆိုပါကလေးငယ်မွေးဖွားမည်ဟု ယူဆရကြောင်း တိုင်းမ်အော့ဖ်အင်ဒီယား သတင်းစာက အောက်တိုဘာ ၂၇ ရက်တွင် ရေးသားဖော်ပြသည်။

### ရင်ဆိုင်နေရ

အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်၏လူဦးရေသည် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံသုံးနိုင်ငံ၏ လူဦးရေစုစုပေါင်းနှင့် တူညီသည်။ အိန္ဒိယနိုင်ငံရှိ ပြည်နယ်များသည် လူဦးရေအဆမတန်များပြားသော ပြဿနာနှင့် ရင်ဆိုင်နေရကြောင်း ယင်းသတင်းစာက ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ကလေးမွေးဖွားနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်သည်။ ယင်းနိုင်ငံ၌ တစ်မိနစ်လျှင် ၅၁ ဦးနှုန်းဖြင့် မွေးဖွားမှုရှိနေသည်။

အောက်တိုဘာ ၃၁ ရက်တွင် ကလေးမွေးဖွားမည်ဟု ဆရာဝန်များက ခန့်မှန်းထားသော အမျိုးသမီးမှာ ဥတ္တရပရာဒေ့ရှ်ပြည်နယ်နေ အသက် (၂၅)နှစ်အရွယ် ပင်ကီပါဝါအမည်ရှိ အမျိုးသမီးဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ လူဦးရေ ၁ ဒသမ ၂ ဘီလီယံကျော်ရှိပြီး ပြည်သူများမှာ တစ်ရက်လျှင် ဝင်ငွေ အမေရိကန် ဒေါ်လာ နှစ်ဒေါ်လာအောက်သာရရှိသည်။

**ဆင်ဟွာ။**

**ကြည့်ရှု လေ့လာ**

**ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး စန်းကျန့်မြို့ရှိ ZTE Corporation စက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)





# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး စန်းကျန့်မြို့စက်မှုဇုန် တည်ထောင်မှုအခြေအနေများ လေ့လာ

# ZTE ကော်ပိုရေးရှင်းနှင့် ဆက်သွယ်ရေးကဏ္ဍတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေး

နေပြည်တော်  အောက်တိုဘာ  ၂၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လိုက်ပါလျက် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကွမ်တုံပြည်နယ် စန်းကျန့်မြို့ စက်မှုဇုန်ရှိ Shenzhen Hi-Tech Industrial Park သို့ရောက်ရှိကြရာ စက်မှုဇုန်တာဝန်ခံ Science, Trade, Technology & IT Department မှ Director Mr. Guo Lin နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် စန်းကျန့်မြို့ စက်မှုဇုန်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒုတိယသမ္မတ ဦးဆောင်သောအဖွဲ့အား စက်မှုဇုန်တာဝန်ခံ Mr. Guo Lin က စန်းကျန့်စက်မှုဇုန်တည်ထောင်ခဲ့မှုအခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက မိမိနှင့်အတူ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ တာဝန်ရှိသူများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စန်းကျန့်စက်မှုဇုန်တည်ထောင်မှုအတွေ့အကြုံများကို လေ့လာသိရှိလို၍ လာရောက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန်များကို ထူထောင်ရန် စီစဉ်လျက်ရှိသဖြင့် စန်းကျန့်စက်မှုဇုန်၏ အတွေ့အကြုံများ၊ မူဝါဒများ၊ ဥပဒေဆိုင်ရာများကို သိရှိလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စန်းကျန့်စက်မှုဇုန်တာဝန်ခံက စန်းကျန့်အထူးစီးပွားရေးဇုန် တည်ထောင်မှုအခြေအနေများကို အသေးစိတ်ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကြရာ စက်မှုဇုန်တာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စန်းကျန့်မြို့ရှိ ZTE Corporation ရုံးချုပ်သို့ရောက်ရှိကြရာ ZTE Corporation ဥက္ကဋ္ဌ Mr. Hou Weigui နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း ZTE တယ်လီဖုန်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဒုတိယသမ္မတသည် ZTE ရုံးချုပ်သို့ရောက်ရှိစဉ် ZTE Corporation ဥက္ကဋ္ဌ Mr. Hou Weigui နှင့် ဆက်သွယ်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)





**အစမ်းလှေ့ကျင့်**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗုဒ္ဓမြတ်စွယ်တော် ကြိုဆိုပင့်ဆောင်ခြင်းမင်္ဂလာအခမ်းအနား

# နေပြည်တော်လေဆိပ်နှင့် ဥပ္ပါတသန္တိစေတီတော်တို့၌ ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော်  အောက်တိုဘာ  ၂၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်နှင့် ဥပ္ပါတသန္တိစေတီတော်တို့၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နံနက် ၉ နာရီတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား လေယာဉ်မဆိုက်ရောက်မီ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များ၊ ဝတ်အဖွဲ့များက ကြိုတင်ပူဇော်ခြင်း၊ နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား လေယာဉ်ပေါ်မှ မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ပြီး ရတနာရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ယာဉ်တန်း နေပြည်တော်လေဆိပ်မှ ဥပ္ပါတသန္တိစေတီတော်သို့ထွက်ခွာခြင်း အစီအစဉ်များ ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိကြပြီး ဥပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ်မှ စတင်၍ ဗုဒ္ဓမြတ်စွယ်တော် ရတနာရထားယာဉ်အား ဆင်ဖြူတော် ဘဒ္ဒဝတီဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍